# ဖိနှိပ်မှုနှင့် အခွင့်အလမ်း

## မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ ဒီမိုကရေစီအခန်းကဏ္ဍအတွက် အလားအလာများ

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

ဤစာမျက်နှာအား သီးသန့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ်.......... ၁

- မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ နောက်ခံသမိုင်းကြောင်း.......... ၁
- အာဏာသိမ်းမှုနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မှု ပတ်ဝန်းကျင် အပြောင်းအလဲများ.......... ၂
- အရပ်ဘက်အဖွဲ့အစည်းများ၏ ပြောင်းလဲလာသော ဒီမိုကရေစီအခန်းကဏ္ဍ.......... ၃
- အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များအတွက် နိုင်ငံတကာပံ့ပိုးမှု.......... ၄

နိဒါန်း.......... ၅

အပိုင်း (၁) နောက်ခံသမိုင်းကြောင်း - စစ်အာဏာမသိမ်းမီ အရပ်ဘက်အဖွဲ့အစည်းများ၏ အခြေအနေ.......... ၈

- အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာပံ့ပိုးမှု.......... ၁၁

အပိုင်း (၂) အာဏာသိမ်းမှုနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မှု ပတ်ဝန်းကျင် အပြောင်းအလဲများ .......... ၁၃

- အကြောက်တရားကြီးစိုးနေသော အချိန်ကာလ - ကိုယ်ရေးကိုယ်တာ စိတ်ချလုံခြုံရမှု..... ၁၅
- ‘နေ့တဓူဝရုန်းကန်နေရမှု’ - အဖွဲ့အစည်းများ လုပ်ငန်းလုပ်ဆောင်ရာတွင်ကြုံတွေ့ရသည့် အခက်အခဲများ.......... ၁၇
- အရပ်ဘက်အဖွဲ့အစည်းများ၏ ‘ဂေဟစနစ်’ ပျက်သုန်းခြင်း.......... ၂၀

အပိုင်း (၃) အရပ်ဘက်အဖွဲ့အစည်းများ၏ ဒီမိုကရေစီအခန်းကဏ္ဍအတွက် အခွင့်အလမ်းများ. ၂၂

- ဒီမိုကရေစီလုပ်ငန်းများအတွက် ပေါ်ထွက်လာသော လုပ်ငန်းနယ်ပယ်များ.......... ၂၆

အပိုင်း (၄) အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များအပေါ် နိုင်ငံတကာပံ့ပိုးမှု.......... ၂၉

- ပြုလွယ်ပြင်လွယ်မရှိခြင်းနှင့် ဒေသအခင်းအကျင်း နားလည်မှု မရှိခြင်း.......... ၃၁
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိမိတို့အဖွဲ့အစည်း ရပ်တည်နိုင်ရေးကိုသာ ရှေးရှု၍ လုပ်ဆောင်လိုခြင်းသဘော.......... ၃၂
- အရပ်ဘက်အဖွဲ့အစည်းများကို စီမံချက်များလုပ်ကိုင်ရာတွင် တဆင့်စာချုပ်ချုပ်ဆိုပြီး လုပ်ကိုင်စေခြင်းကြောင့် ပိုမိုအားနည်းစေခြင်း.......... ၃၃

အပိုင်း (၅) နိုင်ငံတကာအဖွဲ့အစည်းများအတွက် အကြံပြုချက်များ.......... ၃၅

- အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာပံ့ပိုးမှုများ ဆက်လက်ရှိနေရန် အရေးကြီးသည်.......... ၃၆
- ...ဒီမိုကရေစီတည်ဆောက်သည့် အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်း.......... ၃၆
- အရပ်ဘက်အဖွဲ့အစည်းများ၏ ‘ဂေဟစနစ်’ ကိုပံ့ပိုးပေးခြင်းကလည်း အရေးကြီးသည်.... ၃၆
- ဘဏ္ဍာငွေထောက်ပံ့မှုနှင့် အစီရင်ခံစာတို့ရှိ တင်းကျပ်မှုများကို ပိုမိုလျှော့ချပေးခြင်း........ ၃၇
- အရပ်ဘက်အဖွဲ့အစည်းများ၏ အချုပ်အချာအပေါ်ပို၍အလေးပေးခြင်း.......... ၃၈
- ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအပေါ် ပို၍အလေးပေးခြင်း........ ၃၈

နိုင်ငံတကာအဖွဲ့အစည်းများအကြား 'ချန်ပီယံများ' ဖော်ထုတ်ပြီး ပံ့ပိုးပေးခြင်း............... ၃၉
ကိုးကားချက်များ.......................................................................................................... ၄၁

# အစီရင်ခံစာ အနှစ်ချုပ်

၁။ ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ စစ်အာဏာသိမ်းမှုအပေါ် လူထု၏နိုင်ငံရေးအရဆန့်ကျင်မှုများအား စစ်တပ်မှအကြမ်းဖက်နှိမ်နင်းခြင်းက ဆယ်စုနှစ်နှင့်ချီ၍တိုးတက်နေခဲ့သော အရပ်ဘက်အဖွဲ့အစည်းများ (CSO) ၏ကဏ္ဍနှင့် CSO များ နှစ်ပေါင်းများစွာတည်ဆောက်ခဲ့ရသော ၎င်းတို့နှင့် လူထုအကြား၊ ၎င်းတို့နှင့်အစိုးရအကြား အရေးပါသည့်ဆက်ဆံမှုများအတွက် ပြင်းထန်သော ထိုးနှက်ချက်ဖြစ်ခဲ့ရသည်။ သို့ရာတွင် CSO နှင့်ကွန်ရက်များအနေဖြင့် စစ်အစိုးရဆန့်ကျင်ခြင်းနှင့် ဒီမိုကရေစီ တည်ဆောက်ခြင်းလုပ်ငန်းများနှင့်တကွ အရေးပါသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရာတွင် ၎င်းတို့၏ တီထွင် ဆန်းသစ်နိုင်မှုနှင့် ကြံ့ကြံ့ခံလုပ်ဆောင်နိုင်မှုတို့ကို ပြသနိုင်ခဲ့ကြသည်။

၂။ စစ်အာဏာသိမ်းမှုအပြီး ဆယ့်ရှစ်လကျော်အကြာ၊ နိုင်ငံအနေဖြင့် အရေးကြီးသည့်အခြေအနေ တစ်ရပ်သို့ ရောက်ရှိနေချိန်တွင် ဤအစီရင်ခံစာသည် မြန်မာ့ CSO ကဏ္ဍ၏ လတ်တလောအခြေအနေကို နားလည်နိုင်စေရန် နည်းလမ်းသုံးသွယ်ဖြင့် ဖော်ပြပေးသွားမည်ဖြစ်သည်။ ပထမဦးစွာ စစ်တပ်အုပ်ချုပ်သည့်ကာလအတွင်း လူထု၏ပြင်းထန်စွာ ရန်းကန်နေရမှု ပိုမိုရှည်ကြာလာသည်နှင့်အမျှ CSO အများအပြား နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော ခါးသီးပြင်းထန်သည့်အခက်အခဲများက လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကျယ်ပြန့်သော 'ဂေဟစနစ်'အပေါ်ကို ပေါင်းစည်းသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဒုတိယအနေဖြင့် CSO များ ပြည်တွင်းဒီမိုကရေစီရေးရာအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းအချို့ရှိနေသေးကြောင်းကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဥပမာ သုတေသနပြုလုပ်ခြင်းနှင့် မှတ်တမ်းမှတ်ရာ ရေးသားခြင်း၊ EAOs, NUG/NUCC နှင့် ဒေသတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများ ဥပမာ အတိုင်ပင်ခံကောင်စီ (consultative councils) အား တိုက်တွန်းနှိုးဆော်ခြင်း သို့မဟုတ် လူထုဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ်များတွင် ပိုမိုပါဝင်ခြင်းအားဖြင့် လူထုအခြေပြု အုပ်ချုပ်ရေးယန္တရားများကို ပံ့ပိုးပေးခြင်း။ ဤအစီရင်ခံစာ၏ နောက်ဆုံးအပိုင်းတွင် အရပ်ဘက်အဖွဲ့အစည်းများအပေါ် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့်စပ်လျဉ်း၍ လက်တွေ့ဆန်သောအကြံပြုချက်များ၊ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေလုပ်ဆောင်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များနှင့်ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားသည်။ အရေးကြီးသည့်အချက်မှာ စစ်အာဏာ သိမ်းမှုနောက်ပိုင်း မတည်ငြိမ်မှုများနှင့် စစ်တပ်၏ဖိနှိပ်မှုများ ဆယ့်ရှစ်လကျော် ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံတကာအဖွဲ့များ၏ မိမိတို့အဖွဲ့တည်မြဲရေးနှင့် စွန့်စားလုပ်ဆောင်ရန် စိုးရွံ့နေမှုများ မြင်တွေ့နေရသည့်အစား ၎င်းတို့ထံမှ တစိတ်တဝမ်း တည်းပူးပေါင်းပါဝင်မှု - CSO များ၏ကိုယ်ပိုင်အခွင့်အာဏာ နှင့် စွမ်းဆောင်ရည်တို့ကိုပံ့ပိုးပေးရန်အတွက် - CSO များက ပို၍မြင်လိုကြသည်။

## မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ နောက်ခံသမိုင်းကြောင်း

၃။ CSO များ နှင့်ကွန်ရက်များ၏ လက်ရှိကာလအကျပ်အတည်းများကို နားလည်နိုင်ဖို့ရန်အတွက် မြန်မာ့ခေတ်သစ် သမိုင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ စိန်ခေါ်မှုများ ကြီးထွားလာမှုနှင့် နိုင်ငံတကာအထောက်အပံ့များ၏ အခြေအနေအပြောင်းအလဲ စသောရှုထောင့်တို့ကိုအခြေခံ၍ သုံးသပ်ရန်လိုအပ်သည်။ ဗမာ/မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ များပြားခဲ့သော သမိုင်းကြောင်းတစ်ရပ်ရှိခဲ့ပြီး အခြားနိုင်ငံများနှင့်ယှဉ်လျှင် ပရဟိတလှူဒါန်းပေးကမ်းခြင်းနှင့် စေတနာ့ ဝန်ထမ်းခြင်းတို့ ပိုမိုလုပ်ကိုင်ကြသည်။ ၁၉၉၀ ခုနှစ် စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား အပစ်အခတ် ရပ်စဲခြင်း

က အထူးသဖြင့် တိုင်းရင်းသားလူနည်းစုဒေသများတွင် CSO အဖွဲ့အသစ်များကို ပေါ်ပေါက်လာစေခဲ့သည်။ ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲများ၊ ယင်းနောက် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအလွန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများက - ပြည်ပရောက် အဖွဲ့အစည်းများအပါအဝင် - ကွန်ရက်နှင့်အဖွဲ့အစည်းအသစ် အများအပြားပေါ်ထွက်လာစေရန် အစပြုပေးခဲ့ပြီး မြန်မာ့အရပ်ဘက်အဖွဲ့အစည်းကဏ္ဍကြီးထွားလာမှုကို နိုင်ငံတကာမှလည်း ပိုမိုသတိထားမိစေခဲ့သည်။

၄။ ၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရလက်ထက် ဖြေလျှော့ပေးမှုများက မြန်မာ့ CSO များအတွက် ပိုမိုကျယ်ပြန့်သော အခွင့်အလမ်းများရရှိခဲ့ပြီး လွတ်လပ်စွာလှုပ်ရှားခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်များ ပိုမိုရရှိလာခဲ့သည်။ ဒေသအဖွဲ့အစည်းများအနေဖြင့် အစိုးရမူဝါဒများတွင် ပို၍ခိုင်မာသော ရပ်တည်ချက်များထားရှိနိုင်ခဲ့ပြီး ထိတွေ့ဆက်ဆံနိုင်သည့် လုပ်ငန်းနယ်ပယ်ကိုလည်း စတင် ချဲ့ထွင်နိုင်ခဲ့သည်။ ဥပမာ မြေယာရပိုင်ခွင့်မူဝါဒရေးဆွဲခြင်း၊ ကျား/မ တန်းတူညီမျှရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးများ။ အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် (ယခင်ကပြည်တွင်း အခြေစိုက်အဖွဲ့များအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြသော) ပြည်ပအဖွဲ့များနှင့် ပြည်တွင်းအဖွဲ့အစည်းများအကြား ဖြစ်တည်ခဲ့သောတင်းမာမှုများကို လျော့ကျစေခဲ့ပြီး ပြည်ပအဖွဲ့များက ၎င်းတို့၏လုပ်ငန်းများကို ရန်ကုန် သို့မဟုတ် အခြားမြို့ကြီးများသို့ စတင်ရွှေ့ပြောင်း လုပ်ကိုင်လာကြသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနိုင်ရခြင်းက မြန်မာနိုင်ငံရှိ CSO များနှင့် ကွန်ရက်များအတွက် လွတ်လပ်မှုနှင့်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်လောက်သည်ဟု ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်အများအပြားမှ မျှော်လင့်ခဲ့ကြသည်။ သို့သော် အချို့ CSO များအနေဖြင့် လှုပ်ရှားနိုင်သောနယ်ပယ် ပိုမိုကျဉ်းမြောင်းလာခြင်း၊ အစိုးရအရာရှိများနှင့် ထိတွေ့ဆက်ဆံနိုင်မှု နည်းလာခြင်းနှင့် ၎င်းတို့၏လုပ်ငန်းများနှင့်ပတ်သက်၍ ယခင်ကထက်ပိုမိုတင်းကျပ်ခံရခြင်းတို့ကို NLD အစိုးရလက်ထက်တွင် ကြုံတွေ့ခဲ့ရသည်။ NLD အုပ်ချုပ်မှုကာလ ပြီးဆုံးခါနီးအချိန်တွင် ဖြစ်ပေါ်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကိုဗစ်နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကလည်း CSO များ၏ လုပ်ငန်းများကို အဟန့်အတား ဖြစ်စေခဲ့သည်။

## အာဏာသိမ်းမှုနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မှုပတ်ဝန်းကျင် အပြောင်းအလဲများ

၅။ ဤသုတေသနတွင်ပါဝင်သူအားလုံးမှာ အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ စိတ်ပျက်ဝမ်းနည်းမှုများ၊ အရပ်ဘက်အဖွဲ့ဝင်များအတွက် စိုးရိမ်ပူပန်မှုများကို ဖော်ပြကြသည်။ စိုးရိမ်ကြောက်ရွံ့မှုမှာ နေ့စဉ်ကြုံတွေ့နေကျ အရှိတရားတစ်ရပ်ဖြစ်နေပြီး ယင်းကလည်း လွန်ခဲ့သော ၁၂ လအတွင်း ပို၍သာတိုးလာသည့် အနေအထားဖြစ်နေသည်။ SAC ထိန်းချုပ်နယ်မြေတွင် လှုပ်ရှားနေသူများမှာ အာဏာပိုင်များ၏ ထိန်းချုပ်ကန့်သတ်မှုများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည်။ ဥပမာ စစ်ဆေးရေးဂိတ်များတွင် မေးမြန်းစစ်ဆေးမှုများခံရခြင်း၊ ဖုန်းများ ကွန်ပျူတာ များကို ရှာဖွေစစ်ဆေးခြင်း၊ ရုံးတွင်တပ်ဆင်ထားသော CCTV ကင်မရာများကို စစ်ဆေးခြင်းတို့ ကြုံတွေ့ကြရသည်။ လွန်ခဲ့သော ၁၂လအတွင်းတွင် CSO ခေါင်းဆောင်အများအပြားမှာလည်း နိုင်ငံပြင်ပသို့ မဖြစ်မနေ ထွက်ပြေးတိမ်းရှောင်ရသော အခြေအနေဖြစ်ခဲ့ရသည်။ အဆိုပါအခက်အခဲများနှင့် ဆိုင်သည်များကို ပြီးခဲ့သောသုတေသနများတွင် ကောင်းစွာ ရေးသားထားပြီးဖြစ်သော်လည်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသော အရပ်ဘက်အဖွဲ့ဝင်များကြုံတွေ့နေရသည့် ဆိုးရွားသော စိုးရွံ့မှုနှင့် ၎င်းကို ၁၈ လကျော်ကြာ ခံစားခဲ့ရခြင်း၏ စုပေါင်းသက်ရောက်မှုတို့ကို နိုင်ငံတကာအနေဖြင့် ကျယ်ပြန့်စွာ အသိအမှတ်ပြုရန် လိုအပ်သည်။

၆။ ဤသို့သော စိတ်အားငယ်ဖွယ်သုံးသပ်ချက်များကို အများအားဖြင့် ကြားရလေ့ရှိသော်လည်း ပါဝင်

သူများအနေဖြင့် နိုင်ငံအတွင်းတွင် ပုံစံမျိုးစုံဖြင့် အနေအထားကွဲပြားနေမှုများနှင့် အဖွဲ့အသီးသီးကြား ကွဲပြားမှုပုံစံများကိုလည်း အလေးထား၍ ပြောကြားကြသေးသည်။ မွန်၊ ရခိုင် စသောဒေသများတွင်မူ ကန့်သတ်ချုပ်ချယ်မှုများ နည်းပါးလျက်ရှိပြီး၊ ရန်ကုန်နှင့် လက်ရှိပဋိပက္ခဖြစ်ပေါ်လျက်ရှိသော စစ်ကိုင်း၊ မကွေးစသည့်ဒေသများတွင်မူ ထိန်းချုပ်မှုများ ပိုမိုများပြားလျက်ရှိသည်။ စစ်ကောင်စီ ထိန်းချုပ်နယ်မြေ အတွင်း လှုပ်ရှားနေကြသော ဒေသခံ အဖွဲ့အစည်းများအတွက်မူ အသင်းအဖွဲ့မှတ်ပုံတင် လျှောက်တင် ခြင်း (သို့မဟုတ် အသင်းအဖွဲ့မှတ်ပုံတင်မရှိခြင်း)၊ ဘဏ္ဍာငွေလွှဲပြောင်းမှု စသည့် လုပ်ငန်းလည်ပတ် မှုဆိုင်ရာ လက်တွေ့ပြဿနာများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ CSOs အများစု ကြုံတွေ့နေ ရသည့်အခက်အခဲတစ်ခုမှာ လာဘ်ပေးလာဘ်ယူမှု ပိုမိုများလာခြင်းပင်ဖြစ်သည်။ အဆိုပါအဖွဲ့များ အနေဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်နိုင်ရန် ဒေသအာဏာပိုင်များ (သို့မဟုတ် EAO များ) ကိုမဖြစ် မနေ တရားမဝင်ငွေကြေးပေးဆောင်မှုများ ပြုလုပ်နေကြရသည်။ လွန်ခဲ့သော ၁၂ လအတွင်း ခရီးသွား လာခွင့် တင်းကျပ်တားဆီးထားမှုများက CSO အများစုအတွက် လူထုနှင့် ထိတွေ့ဆက်ဆံမှု အပိုင်းတွင် အနှုတ်သဘောဆောင်သော သက်ရောက်မှုဖြစ်စေခဲ့သည်။ အွန်လိုင်းမှတဆင့် ထိတွေ့ဆက်ဆံရေးမှာ အချင်းချင်းထိရောက်သော ချိတ်ဆက်မှုဖြစ်ရန်အတွက် လုံလောက်မှုမရှိပေ။ အဆိုပါအခက်အခဲများ ပေါင်းစပ်လိုက်သောအခါ ဒေသခံအဖွဲ့များအနေဖြင့် ရေရှည်စီမံချက်လျာထားမှုများပြုလုပ်ရန်ခက်ခဲလာ ပြီး ၎င်းတို့၏ လုပ်လက်စအလုပ်များကို အရှိန်ဆက်လက်ထိန်းရန်ပင် ခက်ခဲနေကြသည်။ နောက်ဆုံး အနေဖြင့် ရှည်ကြာသောမငြိမ်သက်မှုနှင့် ကန့်သတ်တားဆီးမှုများက မြန်မာနိုင်ငံရှိ CSO‘ဂေဟစနစ်’ကို အားနည်းစေခဲ့ပြီး အဖွဲ့အချင်းချင်းကြား ချိတ်ဆက်ပြောဆိုမှု၊ ယုံကြည်မှုတို့ လျော့နည်းလာခဲ့သည်။ ထို့ကြောင့် CSO နယ်ပယ်တွင် သင်ယူမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် သတင်းအချက်အလက် မျှဝေမှုတို့မှာ လည်း အားလျော့ခဲ့ရသည်။

## အရပ်ဘက်အဖွဲ့အစည်းများ၏ ပြောင်းလဲလာသော ဒီမိုကရေစီအခန်းကဏ္ဍ

၇။ အာဏာမသိမ်းမီက နိုင်ငံတစ်ဝှမ်းတွင် ဘတ်ဂျတ်ရေးရာ ပွင့်လင်းမြင်သာမှုမှအစ မသန်စွမ်းသူ အခွင့်အရေး စသည့် ကျယ်ပြန့်သောအရေးကိစ္စရပ်များတွင် လူထုပံ့ပိုးမှုများ၊ တိုက်တွန်းနှိုးဆော်သည့် လုပ်ငန်းများ၊ နိုင်ငံရေးနှင့် တရားစီရင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ကြသော CSO အဖွဲ့ ဝင်များနှင့် ခေါင်းဆောင်များမှာ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ၎င်းတို့လုပ်ထားသမျှ ရုတ်တရက် ဆုံးရှုံးသွားရပြီဟု ခံစားကြရသည်။ တိုက်တွန်းနှိုးဆော်မှုနှင့် မူဝါဒရေးရာ လုပ်ငန်းစဥ်အားလုံးနီးပါး လည်း ပျောက်ကွယ်သွားခဲ့သည်။ CSO ခေါင်းဆောင်များအကြား စစ်တပ်၏ဦးဆောင်နေမှုကို ဖယ်ရှား ပြီး ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရန် ဘုံရည်ရွယ်ချက်ဖြင့် အတွေးအခေါ်ပိုင်းဆိုင်ရာ ပေါင်းစည်းညီညွတ်မှုဖြစ်လာသည်။ ယင်းက CSO အဖွဲ့အများအပြားအတွက် သိသာသော ရည်မှန်းချက် ပန်းတိုင်အပြောင်းအလဲကို ဖြစ်ပေါ်စေသည်။ အာဏာမသိမ်းမီ ဒီမိုကရေစီနှင့် မူဝါဒရေးရာလုပ်ငန်းများ ကိုလုပ်ကိုင်ခဲ့ကြသော အဖွဲ့အစည်းများမှာ ၎င်းတို့နှင့် ချိတ်ဆက်သောအပြောင်းအလဲများမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းမှသာဖြစ်မည်ဟု ထင်မှတ်ထားခဲ့ကြသည်။ အာဏာသိမ်းမှု နောက်ပိုင်း ဒီမိုကရေစီကြိုပမ်းမှုလုပ်ငန်းများတွင်ပါဝင်သော CSO များ၏ လက်ရှိလုပ်ငန်းနယ်ပယ်မှာ ပိုမိုကျယ်ဝန်းလာပြီး မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းများကို အသစ်တဖန် ပြန်လည် တည်ဆောက်မည့်လုပ်ငန်းများ ပါဝင်လာသည်။ CSO အဖွဲ့များအကြားတွင် လက်နက်ကိုင်တော်လှန် ခြင်း၏ အခန်းကဏ္ဍနှင့်ပတ်သက်၍လည်း အတွေးအခေါ်များ ပြောင်းလဲလာသည်။ တော်လှန်ရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး မူဘောင်အပေါ်မူတည်၍ အချို့ မြန်မာနိုင်ငံသား ပါဝင်ဆွေးနွေးသူများ က CSO အဖွဲ့များဦးဆောင်သော စစ်အစိုးရဆန့်ကျင်ရေးလုပ်ငန်းစဥ်များနှင့် ပြည်သူ့ကာကွယ်ရေး အင်အားစုများ (PDF) နှင့် တိုင်းရင်သားလက်နက်ကိုင် (EAOs) များ၏ လက်နက်ကိုင်၍ စစ်တပ်

ဆန့်ကျင်သည့်လုပ်ငန်းများအကြား ကောင်းစွာဆက်စပ်နေကြသည်ဟု ထင်မြင်ကြသည်။

၈။ တစ်ဖက်တွင် စစ်အစိုးရကိုဖြုတ်ချရေးနှင့် ဒီမိုကရေစီအသစ်ဖော်ဆောင်ရေးသည် လူများစုအကြား ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသော ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်နေသော်လည်း၊ ၎င်းကိုရောက်ရှိရန် နည်းဗျူဟာနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့များအကြား နက်နဲစွာ သဘောထားကွဲပြားလျက်ရှိကြသည်။ အချို့အဖွဲ့များကမူ စစ်ကောင်စီနှင့် အသင်းအဖွဲ့မှတ်ပုံတင်ရေးထိုးပြီး လုပ်စရာရှိသော လုပ်ငန်းများကို လက်တွေ့ဆန်သည်ယူဆကာ လုပ်နိုင်သလောက် လုပ်ကိုင်နေကြသည်။ အခြားအဖွဲ့များကမူ စစ်ကောင်စီနှင့်လုံးဝထိတွေ့ဆက်ဆံမှုမပြုခြင်း နည်းဗျူဟာကို တိုက်တွန်း နှိုးဆော်ကြသည်။ အဆိုပါအခက်အခဲများ၊ အပြောင်းအလဲများနှင့်တင်းမာမှုများကြားတွင်ပင် CSO များသည် ဒီမိုကရေစီရေးရာလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊ အသစ်သောလုပ်ငန်းနယ်ပယ်များ - သုတေသနပြုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) တို့နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ EAO များ၊ ဒေသတွင်းအဆင့်အဖွဲ့အစည်းများနှင့် လူထုပူးပေါင်းပါဝင်သော ဒေသစီမံခန့်ခွဲမှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်းတို့အားဖြင့် တီထွင်ဆန်းသစ်နိုင်စွမ်းများ၊ ပြန်လည်ရုံးထနိုင်မှုများကို ပြသကြသည်။

## အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များအတွက် နိုင်ငံတကာပံ့ပိုးမှု

၉။ မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာ၏ပံ့ပိုးမှုသည် စစ်အာဏာသိမ်းသည့် အချိန်မှစ၍ ရောထွေးသည့်အခန်းကဏ္ဍတွင် တည်ရှိနေသည်။ ဤအရေးကြီးသည့်ကာလအတွင်း အချို့သော နိုင်ငံတကာအေဂျင်စီများအနေဖြင့် ၎င်းတို့၏ရန်ပုံငွေများကို ဆက်လက်ပေးအပ်ကာ CSO များနှင့် ထိတွေ့ဆက်ဆံနေကြပြီး လွန်စွာစိန်ခေါ်မှုများသော လုပ်ငန်းပတ်ဝန်းကျင်တွင် ၎င်းတို့၏လုပ်ငန်းစဉ်များကို အောင်မြင်စွာ လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်နေကြသည်။ အဆိုပါစိန်ခေါ်မှုများအကြား နိုင်ငံတကာအေဂျင်စီများအပေါ် ဒေသခံအဖွဲ့အစည်းများမှ ပြုလွယ်ပြင်လွယ်မရှိခြင်းနှင့် ဒေသအခင်းအကျင်းကို နားလည်မှုမရှိခြင်း၊ စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ မိမိတို့အဖွဲ့အစည်း ရပ်တည်နိုင်ရေးကိုသာရှေးရှု၍ လုပ်ဆောင်လိုသည့် သဘောထားများရှိနေခြင်း၊ မိတ်ဖက်လုပ်ဆောင်ခြင်းနှင့် ပတ်သက်သော ချဉ်းကပ်နည်းများကို အားလျော့လုပ်ဆောင်နေခြင်းစသည့် အဓိကအချက် (၃) ချက်အပေါ် စဉ်ဆက်မပြတ် ဝေဖန်နေခဲ့ သည်။ ဤကာလတွင် မြန်မာ့အရပ်ဘက်အဖွဲ့အစည်းကို ပံ့ပိုးနိုင်ရန်အတွက် နိုင်ငံတကာပံ့ပိုးမှုကဏ္ဍတွင် ပြုလွယ်ပြင်လွယ်ရှိခြင်း၊ ဒေသအဖွဲ့အစည်းများ၏ အချုပ်အချာနှင့် စွမ်းဆောင်ရည်တို့ကို အလေးပေးခြင်းတို့နှင့် ဆက်စပ်၍ လုပ်ဆောင်နိုင်သော အရေးကြီးသည့် အပြောင်းအလဲများရှိပါသည်။

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) ၏ အနေအထားကို များစွာ ပြောင်းလဲစေခဲ့သည်။ CSO များအနေဖြင့် စစ်အာဏာမသိမ်းမီ ဆယ်စုနှစ်နှစ်စုကြာ ကာလအတွင်း အရေအတွက်အားဖြင့်သော်လည်းကောင်း၊ အတိုင်းအတာ၊ လုပ်ဆောင်နိုင်စွမ်း၊ အရောင်အသွေးစုံလင်မှုနှင့် လွှမ်းမိုးနိုင်မှု စသည်တို့အားဖြင့်သော်လည်းကောင်း တဖြည်းဖြည်း အားကောင်းခဲ့ကြသည်။ အဆိုပါကာလများ အတွင်း CSO များအပေါ် နိုင်ငံတကာအလှူရှင်များ၏ အာရုံစိုက်မှုကလည်း နိုင်ငံရေးအခြေအနေပြောင်းလဲမှု နှင့် ၎င်းတို့၏ သုံးသပ်မှုများအပေါ်အခြေခံ၍ အနိမ့်အမြင့်အတက်အကျ ရှိနေခဲ့ကြသည်။ သို့သော်လည်း CSO အများစုမှာ နိုင်ငံတကာပံ့ပိုးမှုများရရှိခဲ့ကြပြီး — အဆိုပါပံ့ပိုးမှုများနှင့် တစိတ်တဒေသချိတ်ဆက်၍ — အဖွဲ့ အစည်းများ၏ တရားဝင်ဖြစ်မှု၊ ပညာရှင်ဆန်ဆန်လုပ်ကိုင်နိုင်မှုတို့ တိုးတက်ဖြစ်တည်လာခဲ့သည်။ အဆိုပါ ကာလအတွင်း CSO များအနေဖြင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ မြေယာရပိုင်ခွင့်၊ အိမ်ရာ၊ စိုက်ပျိုးရေး စသည်ဖြင့် စုံလင်သောကဏ္ဍအသီးသီးတွင် ခက်ခဲနက်နဲသော မူဝါဒရေးရာ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများ၊ တိုက်တွန်းနှိုးဆော်မှုများ လုပ်ဆောင်နိုင်လောက်သည့် စွမ်းဆောင်ရည်များလည်း ပိုမိုတိုးတက် လာခဲ့ကြသည်။

၂၀၂၁ ဖေဖော်ဝါရီလမှစ၍ စစ်အာဏာသိမ်းမှုအား လူထု၏ နိုင်ငံရေးအရဆန့်ကျင်တုံ့ပြန်မှုများအပေါ် စစ်တပ် မှ အကြမ်းဖက်နှိမ်နင်းမှုများက ဆယ်စုနှစ်နှင့်ချီ၍တိုးတက်နေခဲ့သော CSO များ၏ကဏ္ဍနှင့် လူထုနှင့်အစိုးရ ကြား နှစ်ပေါင်းများစွာ အစပျိုးတည်ဆောက်ခဲ့ရသော အရေးပါသည့်ဆက်ဆံမှုများအတွက် ပြင်းထန်သော ထိုးနှက်ချက် ဖြစ်ခဲ့ရသည်။ အဆိုပါ အကြမ်းဖက်နှိမ်နင်းမှုများကြောင့် CSO အများစု၏ ရုံးများပိတ်သိမ်း လိုက်ရခြင်း၊ နိုင်ငံပြင်ပသို့ တိမ်းရှောင်အခြေစိုက်ရခြင်း၊ သို့မဟုတ် ၎င်းတို့လုပ်ငန်းလုပ်ကိုင်မှုပုံစံများ လုံးဝ ပြောင်းလဲလိုက်ရခြင်းတို့ လုပ်ဆောင်ခဲ့ရသည်။ လက်ရှိတွင်လည်း အာဏာရှင်အစိုးရအနေဖြင့် ရာနှင့်ချီသော CSO အဖွဲ့ဝင်များကို ဖမ်းဆီးအကျဉ်းချထားသည် (Liu 2021)။ လွန်ခဲ့သော ၁၈ လတာကာလအတွင်း မြန်မာ CSO များအနေဖြင့် ‘ပုံမှန်လုပ်ငန်းလည်ပတ်မှုများ’ မရှိသလောက်ဖြစ်ခဲ့ရသည်။ ၂၀၂၁ ခုနှစ်အတွင်း ပြုလုပ် ခဲ့သော သုတေသနအချို့ (Pandita 2021, CGG 2021, Protect 2021, Liu 2021) တွင် CSO များအနေဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်း၊ ရန်ပုံငွေရရှိမှု၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ အရေးကိစ္စများတွင် ပုံမှန်မဟုတ်သော အခက်အခဲများနှင့် တွေ့ကြုံနေကြရပြီး နိုင်ငံတွင်းရှိ စစ်ကောင်စီ (SAC)၊ တိုင်းရင်းသား လက်နက်ကိုင်များ (EAOs) (သို့မဟုတ်) အခြားထိန်းချုပ်နယ်မြေစသော မတူညီသည့် နယ်မြေဒေသအသီးသီးတွင် လှုပ်ရှားနေကြ သော CSO များ၏ ကွဲပြားခြားနားလှသော အတွေ့အကြုံများကို ဖော်ညွှန်းရေးသားထားကြသည်။

ထို့ပြင် လွန်ခဲ့သော ၁၈ လကာလအတွင်း လုပ်ငန်းလည်ပတ်မှုရပ်ဝန်းရှိ ကန့်သတ်မှုအသစ်များအောက်တွင် CSO များအနေဖြင့် လိုက်လျောညီထွေ တီထွင်ကြံဆလုပ်ဆောင်ခဲ့သောနည်းလမ်းများ - အဖွဲ့အစည်း အသစ် အနေဖြင့် ပြန်လည်ဖွဲ့စည်းခြင်း၊ ‘မြေအောက်အဖွဲ့အစည်း’ အနေဖြင့် ရပ်တည်ခြင်း၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ပြောင်းလဲလုပ်ဆောင်ခြင်း၊ သို့မဟုတ် နိုင်ငံရေးအရဆန့်ကျင်ဘက် အင်အားစုများကို အထောက်အပံ့ပေးရန် ဦးတည်အာရုံစိုက်ခြင်း - စသည်တို့နှင့်ပတ်သက်သော မှတ်တမ်း မှတ်ရာကောင်းများရှိခဲ့သည် (CGG 2021)။ ဖြစ်စဉ်အများစုတွင် CSO များအနေဖြင့် သမားရိုးကျအဖွဲ့အစည်း ပုံစံများအစား ပိုမိုလှုပ်ရှားရလွယ်သော၊ အသင်းအဖွဲ့ မှတ်ပုံတင်မထားသော သို့မဟုတ် အမည်နာမမရှိသော ကွန်ရက်နှင့်မိတ်ဖက်များအသွင်သို့ ပြောင်းလဲလုပ်ဆောင်ခဲ့ ကြသည်။ စစ်အစိုးရ၏စောင့်ကြည့်မှုကို စိုးရွံ့ သဖြင့် CSO ခေါင်းဆောင်အများအပြားမှာလည်း မထင်မရှားအခန်းကဏ္ဍမှ လုပ်ကိုင်ရန် သို့မဟုတ် ဘေးကင်း လုံခြုံသည်ဟုယူဆရသော ဒေသများသို့ မဖြစ်မနေပြောင်းရွှေ့ရန်ဖြစ်လာခဲ့သည်။ အချုပ်အားဖြင့် ဖေဖော်ဝါရီ ၂၀၂၁ မှ စတင်ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများက မြန်မာ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပတ်သက် ပြီး CSO များ၏ ကျယ်ပြန့်လာသောအခန်းကဏ္ဍအပေါ် ပြင်းထန်သောထိုးနှက်ချက်တစ်ရပ် ဖြစ်ခဲ့သည်။

စစ်အာဏာသိမ်းမှုအပြီး ဆယ့်ရှစ်လကျော်ကာလတွင် ရေးသားခဲ့သောဤအစီရင်ခံစာသည် မြန်မာ့ CSO ကဏ္ဍ၏ လတ်ရှိအခြေအနေကိုနားလည်နိုင်စေရန် နည်းလမ်းသုံးသွယ်ဖြင့် အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။ ပထမဦးစွာ စစ်အာဏာသိမ်းမှုအပေါ် ပြည်သူလူထု၏ဆန့်ကျင်မှု ဆယ့်ရှစ်လကျော် ကြာမြင့်လာသည်နှင့်အမျှ အရပ်ဘက်အဖွဲ့အစည်းများနှင့် စစ်ကောင်စီထိန်းချုပ်ဒေသပြင်ပတွင် ရောက်ရှိနေသူများ အပါအဝင် ၎င်းတို့၏သက်ဆိုင်သူများ **နေ့စဥ်နှင့်အမျှ ကြုံတွေ့နေရသော ခါးသီးမှု၊ စိုးရိမ်မှု**တို့ကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်အစိုးရ၏ CSO များအပေါ် ကန့်သတ်မှုပုံစံများကို ပြီးခဲ့သော သုတေသနများတွင် မှတ်တမ်းတင်ခဲ့ပြီးဖြစ်သော်လည်း အဆိုပါအခြေအနေဆိုးများမှ လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်၊ အဖွဲ့အစည်းများအပေါ်၊ အချင်းချင်းအပြန်အလှန်ယုံကြည်မှုနှင့် ချိတ်ဆက်လုပ်ဆောင်မှု စသော အရပ်ဘက်အဖွဲ့အစည်းများ၏ ကျယ်ပြန့်သော 'ဂေဟစနစ်' အပေါ် မည်သို့သော သက်ရောက်မှုများရှိနေသည် ဆိုသည်ကို ပိုမိုကျယ်ပြန့်စွာ သတိပြုမိရန်လိုအပ်သည်။

ဒုတိယအနေဖြင့် **CSO များ နိုင်ငံတွင်းဒီမိုကရေစီရေးရာအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်ရန် ထွက်ပေါ်လာသော အခွင့်အလမ်းများ** ရှိနေသေးကြောင်းကိုလည်း ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသည်။ ဥပမာ သုတေသနပြုလုပ်ခြင်းနှင့် မှတ်တမ်းမှတ်ရာရေးသားခြင်း၊ EAOs, NUG/NUCC နှင့် ဒေသတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများ ဥပမာ အတိုင်ပင်ခံကောင်စီ (consultative councils) အား တိုက်တွန်းနှိုးဆော်ခြင်း သို့မဟုတ် လူထုဆုံးဖြတ်ချက်ချသည့် ဖြစ်စဥ်များတွင် ပိုမိုပါဝင်ခြင်းအားဖြင့် လူထုအခြေပြု အုပ်ချုပ်ရေးယန္တရားများ အတွက်လုပ်ဆောင်ခြင်း။ လက်ရှိအခြေအနေတွင် နိုင်ငံတကာအဖွဲ့အစည်းအများအပြားသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ပံ့ပိုးပေးရန် ဦးတည်နေကြသော်လည်း နိုင်ငံအတွက် ရေရှည် အမှန်တကယ်လိုအပ်နေသော ဒီမိုကရေစီဆိုင်ရာ အခြေခံကောင်းများအပေါ် အထောက်အပံ့ဖြစ်စေမည့် CSO လုပ်ငန်းများကိုပံ့ပိုးပေးရန် အဖိုးတန်သည့်အခွင့်အလမ်းများ ရှိနေသေးကြောင်းကို ဤအစီရင်ခံစာတွင် အလေးပေး ဖော်ပြထားသည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာတွင် **အရပ်ဘက်အဖွဲ့အစည်းများအပေါ် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့်စပ်လျဥ်း၍ ဖြစ်နိုင်ချေရှိသောအကြံပြုချက်များ**နှင့် နိုင်ငံတကာအဖွဲ့အစည်းများ လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေလုပ်ဆောင်နိုင်ရန် လိုအပ်သည့်စွမ်းဆောင်ရည်များတည်ဆောက်နိုင်ရန် အကြံပြုချက်များကို ဖော်ပြထားသည်။ အရေးကြီးသည်မှာ စစ်အာဏာသိမ်းမှုနောက်ပိုင်း မတည်ငြိမ်မှုများ နှင့် စစ်တပ်၏ဖိနှိပ်မှုများ ဆယ့်ရှစ်လကျော် ကြာမြင့်လာသည်နှင့်အမျှ CSO များအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အဖွဲ့အစည်းတည်မြဲရေးနှင့် စွန့်စားလုပ်ဆောင်ရန်စိုးရိမ်နေမှုများအစား ၎င်းတို့ထံမှ တစိတ်တဝမ်းတည်းပူးပေါင်းပါဝင်မှုကို ပိုမိုမျှော်လင့်နေသည်။

မြန်မာနိုင်ငံအတွင်းရှိ CSO များ - နှင့်အဓိကအားဖြင့် ၎င်းတို့၏ဒီမိုကရေစီအခန်းကဏ္ဍများ - အကြောင်း ရေးသားထားသော ဤအစီရင်ခံစာ၏ နယ်ပယ်ကိုသတ်မှတ်ရာတွင် 'အရပ်ဘက်လူမှုအဖွဲ့အစည်း' ဆိုသည် ကို အဓိပ္ပါယ်ဖွင့်ဆိုရန်လည်း အရေးကြီးပါသည်။ စစ်တပ်၏ဦးဆောင်မှုကိုဆန့်ကျင်ရာတွင် သိသာထင်ရှားသော အချိုးအကွေ့တစ်ရပ်မှာ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အခန်းကဏ္ဍ (PDFs) (IRN 2022)၊ နွေဦး တော်လှန်ရေး လှုပ်ရှားမှုနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကဲ့သို့သော အဖွဲ့အစည်း အသစ်များ ပေါ်ထွန်းလာခြင်းပင်ဖြစ်သည် (IRN 2022)။ လက်ရှိတွင် အဆိုပါလှုပ်ရှားမှုများတွင်ပါဝင်နေသူများ နှင့် ယခင်မြင်တွေ့နေကျဖြစ်သော ဝန်ဆောင်မှုပေးအပ်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း သို့မဟုတ် အခြားသော လူထုအခြေပြုလုပ်ငန်းများတွင် လုပ်ဆောင်နေခဲ့သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များ၏ ပုံစံ များမှာ ပိုမိုရောထွေးလာခဲ့သည်။ အာဏာမသိမ်းမီက CSO များတွင် ဦးဆောင်နေသူအချို့ သို့မဟုတ် ပါဝင် နေသူအချို့မှာ ယခုအခါ တော်လှန်ရေးလုပ်ငန်းများ၊ လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းနှင့် NUCC ကဲ့သို့သော အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေခြင်း စသည့်နည်းလမ်းများအားဖြင့် အာဏာဖီဆန်ရေး၏ အခြား သောကဏ္ဍများတွင် ထဲထဲဝင်ဝင်ပါဝင်နေကြသည်။ အခြားသူများမှာလည်း ဒေသတွင်းလူသားချင်းစာနာ

ထောက်ထားမှုဆိုင်ရာ သို့မဟုတ် တိုက်တွန်းနှိုးဆော်ခြင်းဆိုင်ရာ ကွန်ရက်များတွင်ပါဝင်ခြင်း၊ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများအတွက် ရန်ပုံငွေများ တက်ကြွစွာရှာဖွေပေးခြင်း စသည်တို့တွင် တပြိုင်နက်တည်း ပါဝင်နေကြသည်။

ဤသုတေသနအနေဖြင့် အခြားသုတေသနများ (IRN 2022) မှ ကောင်းစွာတင်ပြထားပြီးသော အခြေအနေများဖြစ်သည့် လက်နက်ကိုင်အဖွဲ့များ၏ စစ်အစိုးရကိုဆန့်ကျင်မှုပုံစံများ၊ နိုင်ငံရေးအသင်းအဖွဲ့များ၏ ရှေ့ဆက်တည်ရှိနေသော အခန်းကဏ္ဍများ၊ နိုင်ငံတော်အာဏာ ထိန်းချုပ်နိုင်ရေးအတွက် ပြိုင်ဆိုင်ရန်းကန်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို တိုက်ရိုက်ဦးတည် သုံးသပ်တင်ပြရန် အစီအစဉ်မရှိပါ။ ဤသုတေသနတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များ ဟုဆိုရာတွင် နိုင်ငံရေးအရ လှုပ်ရှားနေသူများ အထူးသဖြင့် မိမိတို့ကိုယ်တိုင် နိုင်ငံတော်အာဏာကို ထိန်းချုပ်ရယူရန် အစီအစဉ် မရှိသော်လည်း (NUCC ကဲ့သို့သော အဖွဲ့အစည်းများကို ပံ့ပိုးမှုပေးနေခြင်းများအပါအဝင်) အကြမ်းမဖက်သောနည်းများဖြင့် စစ်အစိုးရကို ဆန့်ကျင်နေကြသူများကို ဦးတည်၍ ရှုမြင်သုံးသပ်သွားမည်ဖြစ်ပါသည်။ ဤသုတေသနတွင် အဆိုပါဝိသေသလက္ခဏာကို အခြေခံ၍ ရှုမြင်သုံးသပ်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့အနေဖြင့် စစ်အာဏာရှင်စနစ်အား တစုတစ်စည်းတည်း တုံ့ပြန်ဆန့်ကျင်နေကြသော စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအခြေအနေတွင် အဆိုပါဝိသေသ များကို အခြေခံ၍ ကွဲကွဲပြားပြား သီးခြားရှုမြင်နိုင်ရန် အပြည့်အဝမလွယ်ကူလှကြောင်းကိုလည်း နားလည်လက်ခံထားပါသည်။

ဤအစီရင်ခံစာကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင်း အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်အယောက် ၂၀၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့ ၆ ခုတို့မှ ပါဝင်သူအသီးသီးနှင့် ပြုလုပ်ခဲ့သောအင်တာဗျူးများအပေါ် အခြေခံထားခြင်းဖြစ်သည်။ သုတေသနတွင်ပါဝင်သော အချို့အဖွဲ့အစည်းများမှာ များပြားသော ဝန်ထမ်းဖွဲ့စည်းပုံ၊ ကြီးမားသောရုံးခန်းများနှင့် ကြီးမားသောစီမံချက်များကို အကောင်အထည်ဖော်နေကြသူများ ဖြစ်ကြသည်။ အခြားသော ပါဝင်သူနိုင်ငံသားများမှာ အသင်းအဖွဲ့မှတ်ပုံတင်မရှိသော၊ ပို၍ပြုလွယ်ပြောင်းလွယ်သော ဖွဲ့စည်းပုံရှိပြီး အဖွဲ့အစည်းရုံးခန်းနေရာ အတည်တကျမရှိသောကွန်ရက်များ၊ အဖွဲ့ဝင်များဖြစ်ကြသည်။ သုတေသနတွင် စစ်ကောင်စီထိန်းချုပ်နယ်မြေ၊ တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်နယ်မြေနှင့် နိုင်ငံပြင်ပ အခြေစိုက်နေရာများတွင် တည်ရှိနေကြသော အဖွဲ့အစည်းများ ပါဝင်ခဲ့ကြသည်။ အာဏာမသိမ်းမီ ဖြစ်တည်ခဲ့သော CSOs များ၏အခြေအနေသည် လက်ရှိတွင် သိသာစွာ တည်ငြိမ်မှုပျက်ပြားလာခြင်းကြောင့် ဤသုတေသနတွင် စစ်တပ်ထိန်းချုပ်နယ်မြေနှင့် အခြားသူများ ထိန်းချုပ်နယ်မြေများအတွင်း အသစ်ပေါ်ပေါက်လာသော အဖွဲ့အစည်းများနှင့် ကွန်ရက်များ ကိုပါ ထည့်သွင်းစဥ်းစားခဲ့ကြသည်။

# အပိုင်း (၁)

## နောက်ခံသမိုင်းကြောင်း - စစ်အာဏာမသိမ်းမီ အရပ်ဘက်အဖွဲ့အစည်းများ၏ အခြေအနေ

မြန်မာ့အရပ်ဘက်အဖွဲ့အစည်း၏ သမိုင်းကြောင်းကိုနားလည်ခြင်းသည် မြန်မာနိုင်ငံအာဏာသိမ်းမှုအလွန် အနေအထားကို နားလည်သဘောပေါက်စေရန် အရေးပါသောအသိအမြင်ကို ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံ အတွင်း သမိုင်းကြောင်းတလျှောက်ဖြစ်တည်ခဲ့သော CSO ကဏ္ဍရှိ ကြံ့ကြံ့ခံပြန်လည်ရုန်းထနိုင်မှု၊ တင်းမာမှု နှင့် ကြီးထွားဖွံ့ဖြိုးမှုတို့သည် လက်ရှိ အခက်အခဲအကျပ်အတည်းကာလအတွင်း ပုံစံအသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ CSO များကိုပံ့ပိုးပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ၏ လက်ရှိပါဝင်ပတ်သက် လုပ်ဆောင်ပုံများသည်လည်း လွန်ခဲ့သောနှစ်နှစ်ဆယ်ကျော်အတွင်း ကာလကြာရှည်စွာဖြစ်တည်ခဲ့သော အပြည်ပြည်ဆိုင်ရာ မိတ်ဖက်လုပ်ဆောင်မှုအပေါ် အခြေခံထားခြင်းဖြစ်ပြီး ထိုကဲ့သို့သော ပံ့ပိုးမှုမျိုးကို ရောထွေးသောအကျိုးရလဒ်များ ဆောင်ကျဉ်းနိုင်ရန်ဟူ၍ CSO ခေါင်းဆောင်အများအပြားက ယူဆထားကြ သည်။ လက်ရှိ နိုင်ငံတကာအေဂျန်စီများ၏ CSO ကဏ္ဍကိုပါဝင်ထောက်ပံ့မှုသည် လွန်ခဲ့သောဆယ်စုနှစ် နှစ် ခုစာ ကာလတလျှောက် အကောင်အထည်ဖော်ပံ့ပိုးမှုပြုခဲ့ပြီး CSO ခေါင်းဆောင်အများအပြားမှ သဲကွဲမှုမရှိ သော အကျိုးသက်ရောက်မှုများသာရရှိခဲ့သည်ဟု ထင်မြင်ယူဆထားသော နိုင်ငံတကာမိတ်ဖက်ပြုမှုပုံစံကိုပင် အခြေခံထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒေသတွင်းရှိ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှအစပြု၍ နိုင်ငံလုံးဆိုင်ရာ အသင်းအဖွဲ့ များအထိ အသင်းအဖွဲ့များ များပြားခဲ့သော သမိုင်းကြောင်းတစ်ရပ်ရှိခဲ့ပါသည်။ ယင်းက ပရဟိတလှူဒါန်း ပေးကမ်းခြင်း၊ စေတနာ့ဝန် ထမ်းခြင်းနှင့် လူထုအခြေပြုဝန်ဆောင်မှုများ အများအပြားတည်ရှိသော အခြေအနေကို ဦးတည်စေခဲ့ပါသည်။ ကမ္ဘာ့ပေးကမ်းလှူဒါန်းမှု နှစ်စဉ်အညွှန်းကိန်း (Annual World Giving Index) အရ မြန်မာနိုင်ငံကို ကမ္ဘာ့ 'အရက်ရောဆုံး' နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်ခဲ့ပါသည် (World Giving Index)။ မြန်မာ့ဓလေ့ထုံးစံတွင် 'ကိုယ့်အားကိုယ်ကိုးခြင်း' ကို သိသာထင်ရှားစွာတန်ဖိုးထားပြီး ယင်းက ရပ်ရွာဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် ပေါင်းစပ်စုစည်းမှုကို ဖြစ်ပေါ်စေသည်ဟု ပညာရှင်များ မှလည်း မီးမောင်းထိုးပြခဲ့ကြပါသည်။ အဆိုပါအသင်းအဖွဲ့များ၏သက်တမ်းမှာ ကိုလိုနီခေတ်၊ လွတ်တော် ပါလီမန်နှင့် စစ်အာဏာရှင် အစရှိသော မတူကွဲပြားသည့် အုပ်ချုပ်မှုကာလများတလျှောက် တည်ရှိခဲ့ကြပြီး လိုက်လျောညီထွေ ပြောင်းလဲဖြစ်တည်နေခဲ့သည်။ မြန်မာ့ခေတ်သစ်သမိုင်းတွင် EAO များနှင့်တပ်မတော် အကြား ၁၉၉၀ အပစ်အခတ်ရပ်စဲရေးစာချုပ်သည် နိုင်ငံတွင်းအချို့ဒေသများတွင် CSO များ တိုးတက်ပွားများ ရန် လမ်းခင်းပေးခဲ့သည်။ ဥပမာ အားဖြင့် ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲမှုနောက်ပိုင်းတွင် ကချင်ပြည်နယ် သည် CSO များ တိုးချဲ့လုပ်ကိုင်လာသော နေရာတစ်ခုဖြစ်လာခဲ့သည်။ ၁၉၉၀ ခုနှစ် နောက်ပိုင်း ကာလများ တွင် ကြီးမားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ မေတ္တာ) နှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ (ဥပမာ Shalom) သည် ခရစ်ယာန်ဘုရားကျောင်းကွန်ရက်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အတူ ရောယှက် ပေါ်ထွက်လာခဲ့ ကြသည်။ ထိုအတောအတွင်း ပြည်ပရောက်မြန်မာအဖွဲ့များ အနေဖြင့်လည်း တိုက်တွန်း နှိုးဆော်ခြင်းနှင့် နယ်စပ်အကူအညီပေးရေးလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေရန် CSO အဖွဲ့နှင့် ကွန်ရက် အသစ်များ ဖွဲ့စည်းခဲ့ကြသည်။

CSO များ တိုးတက်များပြားခဲ့သော သန်းရွှေအစိုးရခေတ်သည် CSO များအကြား ကွဲပြားမှုအချို့ကိုဖြစ်စေ ခဲ့သော အချိန်ကာလတစ်ခုလည်းဖြစ်သည် (Kramer 2012)။ တစ်ဖက်တွင် မြန်မာနိုင်ငံတွင် 'စစ်မှန်သော' အရပ်ဘက်အဖွဲ့အစည်း တစ်ရပ် မပေါ်ထွန်းနိုင်ကြောင်းနှင့် နိုင်ငံတွင်းလုပ်ကိုင်နေသော ဒေသအဖွဲ့အစည်း များသည် သန်းရွှေအစိုးရအား အသိအမှတ်ပြုနေခြင်းဖြစ်သည် သို့မဟုတ် ပူးပေါင်းလုပ်ဆောင်နေခြင်း ဖြစ်သည်ဟု ပြည်ပရောက် သို့မဟုတ် တက်ကြွလှုပ်ရှားသူ အဖွဲ့အစည်းအများအပြားက ငြင်းချက်ထုတ် ကြသည်။ ၁၉၉၇ ခုနှစ်တွင် ပညာရှင် David Steinberg က သန်းရွှေ၏ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (BSPP) အောက်တွင် မြန်မာနိုင်ငံရှိ CSO များမှာ 'သေဆုံး' နေခဲ့သည် သို့မဟုတ် 'သတ်ဖြတ်' ခံခဲ့ရသည်ဟု အထင်အရှား ဆိုခဲ့သည် (Steinberg 1997)။ အခြားတဖက်တွင် စစ်အစိုးရထိန်းချုပ်ဒေသများတွင် ရုံးခန်း များ၊ လုပ်ငန်းများရှိနေကြသော အဖွဲ့အစည်းအများအပြားမှာလည်း လူထုနှင့်ထိတွေ့နိုင်သည်၊ လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးစီမံချက်များကို ပေးအပ်နိုင်သည်၊ အာဏာပိုင်များ၏ လွှမ်းမိုးမှုမပါသော

အနေအထားတစ်ရပ်တွင်ရှိသည့် အရပ်ဘက်နယ်ပယ်တစ်ခု ချဲ့ထွင်နိုင်သည်ဟု ထင်မှတ်ခဲ့ကြပြန်သည်။ အဆိုပါ တင်းမာမှုတစ်ရပ်သည် ဒေသအဖွဲ့အစည်းလုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးမှုအသိုင်းအဝိုင်း အတွင်းသို့ ၁၉၉၀ ပြည့်နှစ်များမှ အစပြု၍ ၂၀၁၀ အစောပိုင်းကာလအထိ စီးဝင်ပျံ့နှံ့နေခဲ့သည် (Kramer 2011)။

သန်းရွှေလက်ထက်တွင် ဖြစ်ပေါ်ခဲ့သော ကသောင်းကနင်းဖြစ်ရပ်နှစ်ခုမှာ CSO နှင့် ကွန်ရက်များ ကြီးထွားစေရန် အထောက်အပံ့ဖြစ်စေခဲ့သည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးသည် ပြည်တွင်းပြည်ပ တိုက်တွန်းနှိုးဆော်ရေးအဖွဲ့များ ချိတ်ဆက်လုပ်ဆောင်မှုနှင့် စည်းရုံးလှုံ့ဆော်မှုတို့ကို သိသိသာသာ မြင့်တက်လာစေရန် အစပြုပေးခဲ့သည်။ ၂၀၀၈ ခုနှစ် ဆိုင်ကလုံးနာဂစ်တွင်လည်း ရှိရင်းစွဲ CSO အဖွဲ့များနှင့် အသစ်ပေါ်ထွက်လာသောအဖွဲ့များက မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သော ဆိုးရွားသည့်ပျက်စီးဆုံးရှုံးမှုများကို တုံ့ပြန်ခဲ့ကြသောကြောင့် CSO အဖွဲ့များ၏ လုပ်ငန်းနယ်ပယ်နှင့် လုပ်ကိုင်နိုင်သောအတိုင်းအတာမှာ သိသာထင်ရှားစွာ ကျယ်ပြန့်ခဲ့ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းများကို အစိုးရမှ ကန့်သတ်ခဲ့သည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကြိုးပမ်းမှုများတွင် ဒေသခံအဖွဲ့အစည်းများမှာ အထူးသဖြင့် မုန်တိုင်းအပြီးအစောပိုင်းကာလများတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ လုပ်ကိုင်ခဲ့ကြသည်။ အဆိုပါ ဖြစ်ရပ်နှစ်ခုလုံး - ပိုမိုချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် နိုင်ငံရေးအရပါဝင်ပတ်သက်မှု ပိုမိုများပြားလာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများတွင် အခန်းကဏ္ဍကျယ်ပြန့်လာခြင်း - သည် နိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်း စတင်ခဲ့သော နောက်ပိုင်းဆယ်စုနှစ်ကာလတလျှောက် ဆက်လက်တည်ရှိနေခဲ့သည်။

၂၀၁၁ ခုနှစ် သိန်းစိန်အစိုးရလက်ထက် ဖြေလျှော့ပေးမှုများက မြန်မာ့ CSO များအတွက် အခွင့်အလမ်းများ ပိုမို ကျယ်ပြန့်စေခဲ့ပြီး လွတ်လပ်စွာလှုပ်ရှားခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်များ ပိုမိုရရှိလာခဲ့သည်။ CSO ခေါင်းဆောင်တစ်ဦး၏ အဆိုအရ သိန်းစိန်အုပ်ချုပ်သည့်ကာလအတွင်း CSO များ 'တဟုန်ထိုး တိုးတက်ပွားများ' ခဲ့သည် (KII17)။ ထိုကာလတွင် ပိုမိုလွတ်လပ်စွာလုပ်ကိုင်ခွင့်ရခဲ့သည်၊ တဖက်တွင်လည်း 'စစ်တပ်ကျောထောက် နောက်ခံပေးထားတဲ့ အရပ်သားအစိုးရက အရပ်ဘက်အဖွဲ့တွေနဲ့ အနီးကပ်လုပ်ကိုင်ပြီး သူတို့ရဲ့တရားဝင်မှု၊ လူထုယုံကြည်မှုကို ရယူချင်တာ၊ CSO တွေအနေနဲ့ အရေးကိစ္စတော်တော်များများနဲ့ မူဝါဒတွေအတွက် တိုက်တွန်းနှိုးဆော်တဲ့နေရာမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နိုင်ခဲ့တယ်' (KII17)။ ဒေသအဖွဲ့အစည်းများအနေဖြင့် အစိုးရမူဝါဒများတွင် ပို၍ခိုင်မာသောရပ်တည်ချက်များ ထားရှိနိုင်ခဲ့ပြီး ထိတွေ့ဆက်ဆံနိုင်သည့် လုပ်ငန်းနယ်ပယ်ကိုလည်း စတင်ချဲ့ထွင်နိုင်ခဲ့သည်၊ ဥပမာ မြေယာရပိုင်ခွင့်မူဝါဒ ရေးဆွဲခြင်း၊ ကျား/မတန်းတူညီမျှရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး။ ထိုအချိန်တွင် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) နှင့် သစ်တောဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့်ကုန်သွယ်ရေး (FLEGT) ကဲ့သို့သော လမ်းကြောင်းများကလည်း CSO များနှင့် အစိုးရကြား မူဝါဒရေးရာ တွေ့ဆုံဆွေးနွေးမှုများအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးခဲ့သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် ပြည်ပအဖွဲ့များနှင့် ရန်ကုန် သို့မဟုတ် အခြားမြို့ကြီးများတွင် အခြေစိုက်သော ပြည်တွင်းအဖွဲ့အစည်းများအကြား ကာလကြာရှည်တည်ရှိခဲ့သော တင်းမာမှုများကို လျော့ကျစေခဲ့သည် (Decobert and Wells 2019)။ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများလျော့ကျလာပြီး တိုက်တွန်းနှိုးဆော်ရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ဆောင်လာနိုင်သည်နှင့်အမျှ ပြည်ပအဖွဲ့များက ၎င်းတို့၏လုပ်ငန်းများကို ရန်ကုန် သို့မဟုတ် အစိုးရလက်အောက်ရှိ အခြားနယ်မြေများသို့ စတင်ရွှေ့ပြောင်း လုပ်ကိုင်လာကြသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနိုင်ရခြင်းက မြန်မာနိုင်ငံရှိ CSO များနှင့် ကွန်ရက်များအတွက် လွတ်လပ်မှုနှင့်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်လောက်သည်ဟု ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်အများအပြားမှ မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် CSO ခေါင်းဆောင်များ သုံးသပ်ခဲ့သည်မှာ ဒေသခံအဖွဲ့များအပေါ် NLD ၏လွှမ်းမိုးမှုမှာ အဆိုးအကောင်းရောယှက်နေသည်။ အချို့ကိစ္စရပ်များတွင် သိန်းစိန်အစိုးရလက်ထက်က ရရှိခဲ့သောအခြေအနေများ - ဥပမာ သဘာဝပတ်ဝန်းကျင်၊ အစိုးရဘတ်ဂျက် ပွင့်လင်း

မြင်သာမှု၊ အမျိုးသမီးနှင့် LGBTI များ၏အခွင့်အရေး စသည်တို့အပါအဝင် အရေးကိစ္စအတော်များများအတွက် လွှတ်တော်တွင် CSO များ၏ တိုက်တွန်းနှိုးဆော်မှု - များကို ဆက်လက် သို့မဟုတ် ချဲ့ထွင်လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းနှစ်များတွင် CSO များအနေဖြင့် လှုပ်ရှားနိုင်သောနယ်ပယ် ပိုမိုကျဉ်းမြောင်းလာခြင်း၊ အစိုးရအရာရှိများနှင့် ထိတွေ့ဆက်ဆံနိုင်မှု နည်းလာခြင်းနှင့် ၎င်းတို့၏လုပ်ငန်းများနှင့်ပတ်သက်၍ ယခင်ကထက် ပိုမိုတင်းကျပ်ခံရခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ NLD အုပ်ချုပ်မှုကာလ ပြီးဆုံးခါနီးအချိန်တွင် ဖြစ်ပေါ်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကလည်း CSO များ၏ အခန်းကဏ္ဍအပေါ်တွင် ကြီးမားသောသက်ရောက်မှုများရှိခဲ့သည်။ တစ်ဖက်တွင် ကိုဗစ်နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများက လုပ်ငန်းလည်ပတ်ရန်အတွက် စိန်ခေါ်မှုများကြုံတွေ့စေခဲ့ပြီး လုပ်ငန်းအများအပြားနှင့် ဆက်သွယ်မှုပုံစံများကို အွန်လိုင်းအသွင် မဖြစ်မနေပြောင်းလဲရသည့်အခြေအနေသို့ ရောက်ရှိစေခဲ့သည်။ ထို့အပြင် ကိုဗစ်၏ကျန်းမာရေးသက်ရောက်မှုနှင့် ဆင်းရဲမွဲတေမှု ပိုမိုဆိုးရွားလာခြင်းတို့ကြောင့် ထိခိုက်လွယ်လူထုအတွက် CSO လုပ်ငန်းများချဲ့ထွင်ရန် ဖိအားများ ပိုမိုများပြားလာခဲ့သည်။

CSO များသည် အစိုးရမူဝါဒအပေါ် ဝေဖန်သုံးသပ်ပေးသည့် အခန်းကဏ္ဍနှင့်အတူ USDP နှင့် NLD အုပ်ချုပ်သော ကာလများတွင် အစိုးရ၏လုပ်ဆောင်ချက်များကိုတရားဝင်ဖြစ်စေသည့် အခန်းကဏ္ဍမှလည်း ပါဝင်ခဲ့ကြသည်။ CSO ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်အရ ‘အစိုးရအသီးသီးက သူတို့ရဲ့နိုင်ငံရေး အစီအစဉ်တွေကို ထောက်ခံဖို့အတွက် သူတို့နဲ့ ပနာသင့်တဲ့ CSO တွေဖွဲ့ပြီး CSO တွေကိုအသုံးချခဲ့တာကို ကျွန်တော်တို့ သတိထားမိတယ်’ (KII17)။ အစိုးရနှစ်ခုလုံးသည် ၎င်းတို့အစီအစဉ်များနှင့် ကိုက်ညီသောအဖွဲ့များအတွက် ၎င်းတို့နှင့်ထိတွေ့ဆက်ဆံရန် အခွင့်အရေးများပေးခဲ့ပြီး ၎င်းတို့အားဆန့်ကျင်သောအဖွဲ့များကိုမူ ပိုမို ဖယ်ကျဉ်ခဲ့ကြသည်။ ဤအခြေအနေက CSO ရပ်ဝန်းအတွင်း ၎င်းတို့၏အခန်းကဏ္ဍကို ပိုမိုဂရုတစိုက်အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိုးပမ်းမှုများကို ဦးတည်ခဲ့သည်။ CSO ခေါင်းဆောင်တစ်ဦးက မြန်မာနိုင်ငံအတွက် CSO ဆိုင်ရာ ဘုံသဘောတူညီချက်တစ်ခု ဖော်ထုတ်သည့်လုပ်ငန်းစဉ်တစ်ရပ်ရှိသင့်ကြောင်း ပြောဆိုခဲ့သည်။

> အဆိုပါသင်ခန်းစာများအပေါ်အခြေခံ၍ ၂၀၂၀ ခုနှစ်ဝန်းကျင်တွင် အတွေးအခေါ်၊ စည်းမျဉ်းနှင့် တန်ဖိုးထားမှုများ တူညီသော CSO များစုစည်းကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အပြောင်းအလဲကို ပံ့ဖော်ရန်အတွက် စစ်မှန်သော အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ နေရာ၊ ဓလေ့ထုံးစံ၊ တန်ဖိုးထားမှုများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရပ်တည်ချက်များကို ဖော်ညွှန်းထားသော CSO ဘုံသဘောတူညီချက်တစ်ခု ပြင်ဆင်ခဲ့ကြသည်။ ‘ကျွန်တော်တို့အတွက်ကတော့ CSO ဆိုတာ အစိုးရဘက်ကသီးသန့်ရပ်တည်တာမျိုး၊ နိုင်ငံရေးအရေးကိစ္စတစ်ခုတည်းအပေါ်မှာ တဖက်သတ်ရပ်တည်တာမျိုး မဖြစ်သင့်ဘူး’ (KII17)။

စစ်အာဏာမသိမ်းမီ ဆယ်စုနှစ်များအတွင်း လုပ်ငန်းလုပ်ဆောင်ရန်နယ်ပယ်များ ကျယ်ပြန့်လာသည်နှင့်အမျှ မြန်မာအစိုးရနှင့်ပတ်သက်၍ CSO များအနေဖြင့် မည်သည့်အခန်းကဏ္ဍမှပါဝင်သင့်သည် ဆိုသည့် မေးခွန်းအသစ်များ ပေါ်ထွက်လာခဲ့သည်။

## အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာပံ့ပိုးမှု

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများအပေါ် နိုင်ငံတကာ၏ အထောက်အပံ့ပေးမှုပုံစံများက လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ ပထမဦးစွာ သတိပြုရမည့်အချက်မှာ သမိုင်းကြောင်းတလျှောက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိုင်ငံတကာထောက်ပံ့မှု အနည်းအကျဉ်းသာ ရရှိခဲ့သည်။ ၂၀၀၀ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံအတွက် နိုင်ငံတစ်ခု၏ အစိုးရ သို့မဟုတ် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ရပ်ပ်စီမှ ပေးအပ်သော အသားတင် တရားဝင်ဖွံ့ဖြိုးရေး အထောက်အပံ့ (ODA) စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အောက်တွင်

သာရှိခဲ့သည်။ ယင်းမှာ ၂၀၀၈ နာဂစ်မုန်တိုင်းအလွန် ကြီးမားသော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် ပိုမိုတိုးပွားလာခဲ့သည်။ သို့သော်လည်း ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် တစ်ဦးချင်း ရရှိသော ODA မှာ ၇ ဒေါ်လာသာရှိပြီး ၎င်းသည် အရှေ့တောင်အာရှတွင် အနိမ့်ဆုံးထောက်ပံ့မှုပမာဏဖြစ်သည် (Asia Foundation 2016)။ ကမ္ဘောဒီးယားနိုင်ငံ (တစ်ဦးလျှင် ၇၂ ဒေါ်လာ)၊ လာအိုနိုင်ငံ (တစ်ဦးလျှင် ၉၃ ဒေါ်လာ) တို့နှင့် နှိုင်းယှဉ်ကြည့်ပါက ၎င်းတို့သည် မြန်မာနိုင်ငံသား တစ်ဦးချင်းစီရရှိသည့် ထောက်ပံ့မှု၏ ဆယ်ဆမက ပိုမိုရရှိကြသည်။ သိန်းစိန်အစိုးရအုပ်ချုပ်မှုအောက်တွင် ဆက်လက်ဖြစ်ပေါ်နေသော နိုင်ငံရေး အပြောင်းအလဲများကြောင့် ODA ရရှိမှုမှာ လျင်မြန်စွာမြင့်တက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသား တစ်ဦးချင်းစီအတွက် ထောက်ပံ့မှုပမာဏမှာ ၆၃ ဒေါ်လာအထိရောက်ရှိခဲ့သည်။ ယင်းထောက်ပံ့မှုများ၏ အနည်းအကျဉ်းသာ အရပ်ဘက်အဖွဲ့အစည်းများထံသို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် အဆိုပါအထောက်အပံ့များကပင် မြန်မာနိုင်ငံရှိ CSO များ၏ လုပ်ဆောင်နိုင်သည့်အတိုင်းအတာနှင့် နယ်ပယ်အကျယ်အဝန်းကို ပိုမိုကျယ်ပြန့်လာစေခဲ့ကြောင်း အပြုသဘောဆောင်သည့် ဥပမာအများအပြားရှိခဲ့သည်။

NLD အစိုးရလက်ထက်တွင် အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့် ရန်ပုံငွေရရှိမည့်အခွင့်အလမ်းများကို ချိတ်ဆက်ပြီး CSO များ တရားဝင်အသင်းအဖွဲ့ မှတ်ပုံတင်ရန် တွန်းအားပေးခဲ့သည်။ အဆိုပါအနေအထားနှင့်အတူ CSO ကဏ္ဍကို တရားဝင်ဖြစ်လာရန်နှင့် ထိန်းချုပ်ရန် NLD အစိုးရ၏ ကိုယ်ပိုင်ကြိုးပမ်းမှုကလည်း ယှဉ်တွဲဖြစ်ပေါ်ခဲ့သည်။ NLD အစိုးရလက်ထက် အသင်းအဖွဲ့မှတ်ပုံတင်ရန် တွန်းအားပေးခံရမှုသည် ဒေသတွင်းအဖွဲ့များအတွက် အခက်အခဲများဖြစ်စေခဲ့သည်။ အဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်တစ်ဦးမှ ရှင်းပြသကဲ့သို့ ‘အာဏာမသိမ်းခင်က တချို့အဖွဲ့တွေ အလှူရှင်တွေဆီက တိုက်ရိုက်ရန်ပုံငွေ ပိုရနိုင်မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ အဖွဲ့မှတ်ပုံတင်ဖို့ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် အာဏာသိမ်းပြီးနောက်ပိုင်းမှာ အဲ့အဖွဲ့တွေကို စစ်ကောင်စီက အနီးကပ်စောင့်ကြည့်နေပြီး ခုဆိုရင် သူတို့သိပ်လှုပ်ရှားလို့ မရကြဘူး’ (KII13)။

ဤအစီရင်ခံစာနောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးတင်ပြသွားမည့်အတိုင်း မြန်မာနိုင်ငံရှိ CSO အဖွဲ့များအတွက် နိုင်ငံတကာအထောက်အပံ့များမှာ ဒေသအနေအထားနှင့် လိုက်လျောညီထွေမှုအားနည်းသော စနစ်များထားရှိခြင်း၊ ကိုယ်ပိုင်အစီအစဉ်များတဖက်သတ်ချမှတ်ခြင်း၊ ဒေသခံအဖွဲ့အစည်းများထက် နိုင်ငံတကာ NGO များအပေါ် မျက်နှာသာပေးခြင်းနှင့် ဒေသအဖွဲ့များကို တဆင့်ပြန်လည်စာချုပ်ချုပ် လုပ်ကိုင်စေခြင်းအားဖြင့် စွမ်းဆောင်ရည်နည်းသွားစေခြင်း စသည်တို့ကြောင့် ပြစ်တင်ဝေဖန်ခံနေရဆဲ၊ ခံနေရဦးမည်ဖြစ်သည်။ ထိုသို့ ဝေဖန်မှုများနှင့်အကန့်အသတ်များရှိလင့်ကစား၊ နိုင်ငံတကာ အထောက်အပံ့ပေးရေးအဖွဲ့အစည်းများအနေဖြင့် CSO များ၏ဒီမိုကရေစီအခန်းကဏ္ဍကို မြှင့်တင်ရာတွင် အပြုသဘောဆောင်သည့်နေရာမှ ပါဝင်နေကြောင်း ဥပမာ အများအပြားလည်းရှိနေသည်။ ဆက်လက်ဖော်ပြသွားမည့်အတိုင်း မြန်မာနိုင်ငံရှိ CSO များ၏ လုပ်ငန်းလုပ်ဆောင်ရာ အခင်းအကျင်းမှာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ တိုင်းတာ၍မရနိုင်လောက်အောင် ပိုမိုခက်ခဲလာခဲ့သည်။

# အပိုင်း (၂)

## အာဏာသိမ်းမှုနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မှုပတ်ဝန်းကျင် အပြောင်းအလဲများ

၂၀၂၁ စစ်အာဏာသိမ်းမှုသည် နိုင်ငံသားတို့နှင့် CSO များ၏ နိုင်ငံရေးနှင့်စီပွားရေးဆိုင်ရာ မျှော်လင့်ချက်များအတွက် ပြင်းထန်သောထိုးနှက်ချက် ဖြစ်ခဲ့သည်။ လုပ်ငန်းအခြေအနေအားလုံးနီးပါး လုပ်ကိုင်ရာ၌ အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်ပေါ်လာခဲ့သော စစ်တပ်၏နှိပ်ကွက်မှုများနှင့် အကြမ်းဖက်မှုများက နိုင်ငံ၏ အခြေအနေကို ဒုက္ခရောက်စေလောက်သော သက်ရောက်မှုများဖြစ်စေခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပြီးကာစ ကာလများတွင် စစ်တပ်မှ အကြမ်းဖက်နှိပ်ကွပ်မှုများ၊ 'ဖိနှိပ်မှု၏ အခြေခံဗိသုကာပုံစံ' (Protect 2021, IRN 2022)ကို ပြန်လည်တည်ဆောက်လာခြင်းတို့နှင့်ပတ်သက်၍ အသေးစိတ်ကို အခြားသောသုတေသနများက ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ သို့ရာတွင် လွန်ခဲ့သော ၁၈ လကြာကာလအတွင်း အဆိုပါဆိုးရွားလွန်းသော အခြေအနေများမှ လူတစ်ဦးချင်းစီအပေါ်၊ အဖွဲ့အစည်းများအပေါ်၊ အရပ်ဘက်အဖွဲ့အစည်း၏ ကျယ်ပြန့်သော 'ဂေဟစနစ်' အတွင်းရှိ ယုံကြည်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုပုံစံတို့အပေါ် ပေါင်းစည်းသက်ရောက်မှုများ မည်သို့ရှိနေသည်ကို ကျယ်ကျယ်ပြန့်ပြန့် သတိပြုမိရန်လိုအပ်သည်။

ဤသုတေသနတွင် ပါဝင်ကြသူအားလုံးမှ လက်ရှိနိုင်ငံရေးအခြေအနေနှင့်ပတ်သက်ပြီး စိတ်ပျက်ဝမ်းနည်းမှု၊ အရပ်ဘက်အဖွဲ့အစည်းတွင်ပါဝင်သူများအတွက် စိုးရိမ်ကြောင့်ကြမှုတို့ကို ဖော်ပြခဲ့ကြသည်။ အရပ်ဘက် အဖွဲ့တစ်ခုမှ ခေါင်းဆောင်တစ်ဦးက 'အကြောက်တရားနဲ့နေရတော့မယ်အချိန် ပြန်ရောက်လာပြီ' ဟုဆိုသည်။ သူဆက်၍ပြောသည်မှာ

> 'စစ်ကောင်စီ နိုင်ငံကိုဆက်အုပ်ချုပ်လို့ကတော့ မြန်မာလည်း တရုတ်နဲ့ မြောက်ကိုးရီးယားလိုဖြစ်လာတော့မှာ။ တစ်နိုင်ငံလုံးက အကြောက်တရားနဲ့ နေနေရ၊ နေ့စဥ်နှင့်အမျှမြိမ်းခြောက်ခံနေရနဲ့ ဘယ်တော့မှ လွတ်လပ်စွာတွေးခေါ်နိုင်မှာမဟုတ်တော့ဘူး။ အချင်းချင်းကူညီရိုင်းပင်းရင်း နိုင်ငံကိုပြန်တည်ဆောက်ဖို့ ကျွန်တော်တို့ ရုံးကန်ကြ၊ စွန့်စားလုပ်ဆောင်ကြရလိမ့်မယ်။ ဒါမှမဟုတ်ရင် အကြောက်တရားကနေ ဘယ်တော့မှ ရုန်းထွက်နိုင်မှာမဟုတ်တော့ဘူး' (KII7)။

ဤသို့သော စိတ်အားငယ်ဖွယ်သုံးသပ်ချက်များကို အများအားဖြင့် ကြားရလေ့ရှိသော်လည်း ပါဝင်သူများအနေဖြင့် နိုင်ငံအတွင်းရှိ ကွဲပြားခြားနားမှုရှိနေသောအခြေအနေများနှင့် အဖွဲ့အသီးသီးကြား ကွဲပြားမှုပုံစံများကိုလည်း အလေးထား၍ ပြောကြားခဲ့ကြသည် (အောက်ပါ ပုံအမှတ်စဥ် (၁) ကိုကြည့်ပါ)။ အစီရင်ခံစာ၏ ဤအပိုင်းတွင် စစ်ကောင်စီထိန်းချုပ်နယ်မြေတွင်း ထင်ထင်ရှားရှား (တရားဝင်မှတ်ပုံတင်လျက်) သို့မဟုတ် မထင်မရှား (တရားဝင်မှတ်ပုံမတင်ဘဲနှင့်) လုပ်ကိုင်နေကြသော CSO များ၏အခက်အခဲများကို ဦးတည်တင်ပြသွားမည်ဖြစ်သည်။ သို့ရာတွင် အခြားနေရာဒေသများ - EAO ထိန်းချုပ်နယ်မြေ သို့မဟုတ် နီးစပ်ရာနိုင်ငံများ (ဥပမာ ထိုင်းနိုင်ငံ) - တွင်လုပ်ကိုင်နေကြသော CSO များ၊ ကွန်ယက်များအနေဖြင့်လည်း ကြုံတွေ့နိုင်သော အန္တရာယ်များကို သိသိသာသာ ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။




ပုံ ၁ - CSO များ၏ အဓိကလုပ်ငန်းလုပ်ကိုင်ရာ ပတ်ဝန်းကျင်အခြေအနေ

## အကြောက်တရားကြီးစိုးနေသော အချိန်ကာလ - ကိုယ်ရေးကိုယ်တာ စိတ်ချလုံခြုံရမှု

စစ်အာဏာရှင်၏ အကြမ်းဖက်ဖြိုခွင်းမှု၊ ကန့်သတ်မှုများနှင့် ချိတ်ဆက်နေသော လူတစ်ဦးချင်းစီ၏ အန္တရာယ်နှင့် စိန်ခေါ်မှုများကို အခြားသော လေ့လာဆန်းစစ်မှုအများအပြားတွင် ကောင်းစွာမှတ်တမ်းတင်ထားပြီး ဖြစ်သော်လည်း - ဤသုတေသနတွင်ပါဝင်သူများ၏ နေ့တဓူဝအတွေ့အကြုံအရ - အဆိုပါတွေ့ရှိချက်များသည် ထင်ရှားသောအနေအထားတစ်ခု ဖြစ်နေသေးသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့ကို ဤအစီရင်ခံစာတွင်လည်း အလေးပေးဖော်ပြထားပါသည်။ စိုးရိမ်ကြောက်ရွံ့မှုမှာ နေ့စဉ်ကြုံတွေ့နေကျ အမှန်တရားတစ်ရပ် ဖြစ်နေခဲ့ပြီး ယင်းကလည်း လွန်ခဲ့သော ၁၂ လအတွင်း ပို၍သာတိုးလာသည့် အနေအထားရှိနေသည်။ ပြည်သူများအနေဖြင့် စစ်အစိုးရဆန့်ကျင်ရေးလုပ်ငန်းများတွင် ပါဝင်သည်ဟု ထင်မြင်ယူဆခံရသည်နှင့် အပြစ်ပေးခြင်းခံရနိုင်သည်။

SAC ထိန်းချုပ်နယ်မြေတွင် လှုပ်ရှားနေသူများမှာ ၎င်းတို့၏လုံခြုံရေးနှင့်ပတ်သက်သော အန္တရာယ်များကို နေ့စဉ်ကြုံတွေ့နေရကြောင်း ပြောပြကြပြီး အဆိုပါ အကြောက်တရားကြီးစိုးနေသော အချိန်ကာလကို ထင်သာမြင်သာရှိစေရန် ၎င်းတို့၏ပြောစကားအချို့ကို ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပေးထားပါသည်။

> 'ကျွန်တော်/မတို့ ကွန်ရက်အဖွဲ့တစ်ဖွဲ့ရဲ့ရုံးခန်းကို ဝင်စီးခံရတယ်' ဟု CSO ကွန်ရက်ခေါင်းဆောင်တစ်ဦးမှ ပြန်လည်ပြောပြခဲ့သည်။ 'သူတို့က စာရင်းကိုင်ကို ဖမ်းချင်တာ၊ သူ့ကိုရှာမတွေ့တော့ သူ့အစ်ကိုကို ဖမ်းသွားတယ်၊ ရဲကိုပိုက်ဆံပေးလိုက်တော့မှ ပြန်လွှတ်ပေးတယ်… ဒီနိုင်ငံထဲမှာနေနေသမျှ လူတိုင်းက အချိန်မရွေး အကြောင်းအရာမရွေးနဲ့ အဖမ်းခံရနိုင်တဲ့ အန္တရာယ်ရှိနေတယ်' (KII13)

အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ပေးသော CSO ကွန်ရက်ခေါင်းဆောင်တစ်ဦး၏ ပြောဆိုချက်အရ 'နေ့တိုင်းက ခန့်မှန်းလို့မရနိုင်ဘူး၊ စစ်ဆေးရေးဂိတ်တွေက နေရာတိုင်းမှာရှိနေတယ်။ သူတို့က မထင်ရင်မထင်သလို ဖုန်းတွေကို စစ်တယ်၊ ကျွန်မတို့ ဖုန်း၊ ကွန်ပျူတာနဲ့ အခြားပစ္စည်းတွေနဲ့ပတ်သက်လို့ အမြဲသတိထား နေရတယ်' (KII6)။ အဆိုပါကွန်ရက်၏ စီမံချက်တွင်ပါဝင်နေသော ကျေးရွာအဆင့် လူထုစည်းရုံးလှုံ့ဆော်သူတစ်ဦးမှာ မကြာသေးမီကပင် ဖမ်းဆီးခံခဲ့ရသည် (KII16)။ အသင်းအဖွဲ့မှတ်ပုံတင်ထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်း

တစ်ခု၏ CSO ခေါင်းဆောင်တစ်ဦးကမူ ဘဏ္ဍာငွေစီးဆင်းမှု မှတ်တမ်းမှတ်ရာများ အပါအဝင် အဖွဲ့အစည်း၏ စာရွက်စာတမ်းများနှင့် လုပ်ငန်းများကို အာဏာပိုင်များမှ အကြိမ်ရေများစွာ မည်သို့စစ်ဆေးခဲ့ကြောင်း ဖော်ပြခဲ့သည် (KII24)။ အသင်းအဖွဲ့မှတ်ပုံတင်ထားသည့် အခြားသော NGO အဖွဲ့တစ်ဖွဲ့တွင် အာဏာပိုင်များက အဖွဲ့၏ရုံးတွင် လုံခြုံရေးကင်မရာတစ်ခု လာရောက်တပ်ဆင်ထားပြီး ရုံးအတွင်းသို့ မည်သူအဝင်အထွက်လုပ်သည်ကို စောင့်ကြည့်ရန် လူတစ်ဦးထားထားသည် (KII24)။ နောက်ဆုံးအနေဖြင့် အခြားပါဝင်သူတစ်ဦးမှ ၎င်းတို့၏အဖွဲ့ သင်တန်းပေးသည့်အချိန်တွင် စစ်တပ်အရာရှိများက မည်သို့မေးမြန်းကြသည်ကိုဖော်ပြခဲ့သည်။

> ‘ကျွန်တော် သူတို့စခန်းကိုလိုက်သွားရပြီးတော့ လုပ်ငန်းနဲ့ပတ်သက်လို့ အသေးစိတ် အကြောင်းအရာအားလုံးကို ရှင်းပြရတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ နိုင်ငံရေးအမြင်ဖွင့်တဲ့ လုပ်ငန်းတွေပါမှာကို သူတို့ကစိုးရိမ်ကြတယ်... ကျွန်တော်တို့လုပ်ငန်းတွေမှာ ဒါမျိုးတွေမ လုပ်ပါဘူးလို့ ခံဝန်ကတိ ထိုးခဲ့ရတယ်’ (KII8)။

အဆိုပါနေ့စဉ်ကြုံတွေ့နေရသော ဆိုးရွားသည့်အန္တရာယ်များကြောင့် CSO ခေါင်းဆောင်များ၊ အထူးသဖြင့် ယခင်ကတိုက်တွန်းနိုးဆော်ခြင်း သို့မဟုတ် သုတေသနလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ဖူးသူ အများ အပြားမှာ စစ်ကောင်စီထိန်းချုပ်နယ်မြေများမှ EAO သို့မဟုတ် PDF ထိန်းချုပ်နယ်မြေများ သို့မဟုတ် ပြည်ပသို့ ရွှေ့ပြောင်းသွားကြသည်။ တိုက်တွန်းနိုးဆော်သည့်လုပ်ငန်းများတွင် အခြားသောဒေသခံမိတ်ဖက်များနှင့် လက်တွဲလုပ်ဆောင်ခဲ့သော မြန်မာ CSO အဖွဲ့ဝင်တစ်ခုက ‘အာဏာမသိမ်းခင် ကျွန်တော်တို့နဲ့ လက်တွဲလုပ်ကိုင်နေတဲ့ မိတ်ဖက်တွေရဲ့ ၈၀% လောက်က အခုထိုင်းနိုင်ငံမှာ’ ဟုပြောကြားခဲ့သည် (KII4)။ လက်ရှိအခြေအနေတွင် CSO ခေါင်းဆောင်အများအပြားမှာ နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းသွားကြသော်လည်း ဝန်ထမ်းများနှင့်အဖွဲ့လုပ်ငန်းများမှာ စစ်ကောင်စီထိန်းချုပ်နယ်မြေများတွင် ဆက်လက်လည်ပတ်နေကြသည့် အသွင်ဆောင်သည်။ တနည်းဆိုသော် ‘ခေါင်းတွေကထွက်သွားပြီးတော့ ခန္ဓာကိုယ်ကပဲ နိုင်ငံထဲမှာကျန်ခဲ့တယ်’ (KII4)။

စစ်အာဏာသိမ်းပြီးချိန်မှစ၍ ပြုလုပ်ခဲ့သော ဥပဒေရေးရာအပြောင်းအလဲများကြောင့် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအပေါ်တွင်ကျရောက်နေသော အဆိုပါအန္တရာယ်များမှာ ပိုမိုမြန်ဆန် ဆိုးရွားလာသည်။ အဆိုပါ ဥပဒေရေးရာ အပြောင်းအလဲများကို အခြားသောလေ့လာဆန်းစစ်မှုများတွင် ဖော်ပြပြီးဖြစ်သည် (HRW 2021)။ သို့ရာတွင် လူမှုကွန်ရက် အပါအဝင် ‘အကြောက်တရားကိုဖြစ်စေသော’ သို့မဟုတ် ‘သတင်းအမှားများ’ ကို ဖြန့်ဝေသော မှတ်ချက်များပေးသည်ဟု ယူဆခံရသူ မည်သူကိုမဆို ပြစ်ဒဏ်ချမှတ်နိုင်သော ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) အား တွင်ကျယ်စွာအသုံးပြုကြောင်း ဤလေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့ကြသူများက အထူး ပြောဆိုခဲ့ကြသည်။ အလားတူ စစ်အာဏာရှင်ဆန့်ကျင်သည့် အုပ်စုများကို ဦးတည်အရေးယူရာတွင် အရေးပေါ်အခွင့်အာဏာနှင့်ပတ်သက်သော ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကိုအသုံးပြုကြောင်း မြင်တွေ့ရသည်။ CSO ကွန်ရက်ခေါင်းဆောင်တစ်ဦး ပြောကြားသည်မှာ ‘ကျွန်တော်တို့ အားလုံးဆုံးရှုံးသွားပြီး ၈၈ မတိုင်ခင် အနေအထားကိုပြန်ရောက်သွားပြီ - လွတ်လပ်စွာပြောဆိုခွင့်မရှိဘူး၊ တရားဥပဒေ စိုးမိုးရေးဆိုတာ မရှိဘူး၊ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး အလွဲသုံးစားလုပ်တာတွေလည်း ခံနေရပြီ။ ဥပဒေရဲ့အထက်မှာ သူတို့ရှိနေတယ်။ အန္တရာယ်များပြီး ခြိမ်းခြောက်ခံနေရတဲ့အခြေအနေမှာ အလုပ်တွေလုပ်နေကြရတယ်’ (KII6)။

စစ်ကောင်စီထိန်းချုပ်နယ်မြေနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများအဖို့ အန္တရာယ်အများဆုံးဖြစ်သည်မှာ ထင်ရှားနေပါသည်။ သို့ရာတွင် အန္တရာယ်ရှိသည့်ပုံစံမှာ နိုင်ငံတဝှမ်းတွင် အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ ရခိုင်နှင့် မွန်ပြည်နယ်တို့သည် ၂၀၂၂ နှစ်လယ်ခန့်အထိ CSO များလုပ်ငန်းလုပ်ကိုင်ရန်အတွက် အခြေအနေပေးသည့်အနေအထားတွင် ရှိနေသည်ဟု ဆန်းစစ်မှုတွင်ပါဝင်သူအချို့က မှတ်ချက်ပေးကြသည်။ ဥပမာ - အဆိုပါကာလတွင် ရခိုင်ပြည်နယ်ရှိ CSO များအနေဖြင့် ရန်ကုန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် လုပ်ကိုင်ရန်မဖြစ်နိုင်သည့် လုပ်ငန်းများဖြစ်သော ဟိုတယ်များတွင် တွေ့ဆုံပြီး နိုင်ငံရေးအကြောင်းကိုပွင့်လင်းစွာဆွေးနွေးခြင်းကို လုပ်ဆောင်နိုင်ကြသည်။ မွန်ပြည်နယ်တွင်

လည်း CSO များလွတ်လပ်စွာတွေ့ဆုံပြီး သုတေသနနှင့်စောင့်ကြည့်လေ့လာသည့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ကြသည်။ ထိုဒေသများရှိ အချို့သောဒေသခံတိုင်းရင်းသားလူနည်းစု CSO များက လက်ရှိနိုင်ငံရေးအခြေအနေမှာ စစ်ကောင်စီနှင့် NLD အကြား ဖြစ်ပေါ်နေသောအားပြိုင်မှုဖြစ်ပြီး ၎င်းတို့နှင့် တိုက်ရိုက်မသက်ဆိုင်သောပဋိပက္ခအဖြစ် ရှုမြင်နေကြကြောင်း နိုင်ငံတကာသုံးသပ်သူတစ်ဦးမှ ရှင်းပြခဲ့သည် (KII22)။ ဤကဲ့သို့ လုပ်ငန်းလုပ်ကိုင်ရန်အတွက် အကန့်အသတ်အတားအဆီး နည်းပါးသောအခြေအနေက ပို၍ကျပ်တည်းနေသော မကွေးနှင့်စစ်ကိုင်း၊ သို့မဟုတ် ရန်ကုန်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ရှုမြင်ကြသည်။ စစ်တပ်နှင့် PDF များအကြား ပြင်းထန်သောပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသများတွင် CSO များလုပ်ငန်းလုပ်ဆောင်ရန်ပတ်ဝန်းကျင်မှာ ပိုမိုကျဉ်းမြောင်းလှသည်။ နိုင်ငံတဝှမ်း စစ်အာဏာရှင်၏မတူညီသည့်ထိန်းချုပ်မှုပုံစံအသေးစိတ် - နှင့် ရှုပ်ထွေးပြီးမတူကွဲပြားနေသော CSO များ၏ လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင် - ကို အခြား လတ်တလောလေ့လာဆန်းစစ်မှုများတွင် တွေ့နိုင်သည် (SAC-M 2022)။

CSO များအနေဖြင့် မည်သည့်နေရာတွင်ရှိနေစေကာမူ ၎င်းတို့အတွက်အန္တရာယ်ရှိနေသည်ဟု လေ့လာမှုတွင် ပါဝင်သူ အတော်များများက ပြောဆိုခဲ့ကြသည်။ မွန်နှင့်ရခိုင်ရှိ အခြေအနေများမှာလည်း အချိန်မရွေးပြောင်းလဲနိုင်ချေရှိသည်။ CSO များအနေဖြင့် လွတ်လပ်စွာလုပ်ကိုင်နိုင်သော အချိန်ကာလတိုတစ်ခု ရှိခဲ့သော်လည်း ယခုအချိန်တွင် ကန့်သတ်မှုများလည်း တိုးမြင့်ကောင်းတိုးမြင့်လာနိုင်သည်။ EAO ထိန်းချုပ်နယ်မြေများတွင်လည်းအန္တရာယ်များရှိနိုင်ကြောင်း အချို့ကထင်မှတ်ကြသည်။ 'တိုင်းရင်းသားလက်နက်ကိုင်တချို့ထဲမှာလည်း အနုတ်သဘောဆောင်တဲ့အလားအလာတွေ တွေ့နေရတယ် ... သူတို့တွေရဲ့အုပ်ချုပ်ပုံကို ပြစ်တင်ဝေဖန်တဲ့ ဒေသခံ CSO တချို့ကို အလားတူဖိနှိပ်ချုပ်ချယ်တဲ့ပုံစံမျိုးတွေ လုပ်တယ်' ဟု CSO ခေါင်းဆောင်တစ်ဦးက ဆိုသည် (KII17)။ ထို့အပြင် စစ်ကောင်စီနှင့် ထိုင်းအစိုးရ၏ချိတ်ဆက်မှုများကြောင့် တိုက်တွန်း နှိုးဆော်မှုများ လုပ်ဆောင်နေသော အချို့ CSO ခေါင်းဆောင်များမှာ ထိုင်းနိုင်ငံမှမြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရမည်ကို စိုးရိမ်နေကြသည်။ CSO ကွန်ရက်ခေါင်းဆောင်တစ်ဦး ပြောကြားသည်မှာ 'လူတွေအနေနဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှာ နေပြီး ဒီမိုကရေစီလုပ်ငန်းတွေ ဆက်လုပ်နေသမျှကာလပတ်လုံး ဖမ်းဆီးခံရနိုင်တယ်၊ ပြန်ပို့ခံရနိုင်တယ်' (KII6)။

အရပ်ဘက်လှုပ်ရှားသူတစ်ဦးချင်း တွေ့ကြုံနေရသော အကြောက်တရားနှင့်ပတ်သက်သည့် အဆိုပါတွေ့ရှိချက် အများအပြားမှာ အာဏာသိမ်းပြီးအစောပိုင်းကာလများတွင် ပြုလုပ်ခဲ့သောလေ့လာမှုများမှ တွေ့ရှိချက်များနှင့် အလားသဏ္ဍာန်တူနေပါသည်။ သို့ရာတွင် လွန်ခဲ့သော ၁၈ လကျော်ကာလအတွင်း အရပ်ဘက်မိတ်ဖက်များကြုံတွေ့ခဲ့ရသော ဤဆိုးရွားသည့်အခြေအနေများ၏ စုပေါင်းသက်ရောက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ထပ်လောင်းအသိအမှတ်ပြုရန် လိုအပ်ပါသည်။ အကြံပြုချက်ပေးသည့်ကဏ္ဍတွင် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် CSO များနှင့် စည်းလုံးညီညွတ်စွာလုပ်ဆောင်သည့် ချဉ်းကပ်နည်း၏အရေးပါပုံကို ဆွေးနွေးထားပါသည်။

## 'နေ့တဓူဝရှန်းကန်နေရမှု' - အဖွဲ့အစည်းများ လုပ်ငန်းလုပ်ဆောင်ရာတွင်ကြုံတွေ့ရသည့် အခက်အခဲများ

အဆိုပါ လူတစ်ဦးချင်းတွေ့ကြုံနေရသော လုံခြုံရေးအန္တရာယ်များနှင့် အာဏာသိမ်းပြီးနောက်ပိုင်းရှိ အခြားသော ပြောင်းလဲမှုများက ဒေသခံအဖွဲ့အစည်းအများစု - အထူးသဖြင့် ဒီမိုကရေစီနှင့် ဆက်နွယ်သောအဖွဲ့များ- လုပ်ငန်းလုပ်ကိုင်ရာတွင် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရံပုံငွေနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော အချို့သောပြဿနာများကိုမူ ပြီးခဲ့သောလေ့လာမှုများတွင်ဖော်ပြခဲ့ပြီးဖြစ်သည် (Pandita 2021, CGG 2021) သို့သော် လာဘ်ပေးလာဘ်ယူမှုပြဿနာ များပြားလာခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ချုပ်ချယ်မှုများနှင့် ကြိုတင်စီမံကိန်း ချမှတ်နိုင်ရန်ခက်ခဲနေခြင်း စသော အခြားပြဿနာများမှာ သတိထားခံရမှု လျော့နည်းနေသေးသည်။

စစ်ကောင်စီလက်အောက်တွင် အသင်းအဖွဲ့မှတ်ပုံတင်ထားသော CSO များအတွက် ရံပုံငွေဖြန့်ဝေပေးခြင်းနှင့် ငွေကြေး စီးဆင်းရွေ့ပြောင်းခြင်းကိစ္စရပ်များက ၎င်းတို့၏လုပ်ငန်းလည်ပတ်မှု (IRN 2022) အတွက် ကြီးမားသောအခက်အခဲ ဖြစ်နေသည်။ အသင်းအဖွဲ့မှတ်ပုံတင်ထားသော CSO များအတွက်မူ စစ်အာဏာပိုင်များက ၎င်းတို့၏ဘဏ် ငွေ အဝင်အထွက်စာရင်းများကို စောင့်ကြည့်လေ့လာနေခြင်း၊ ကိုယ်ပိုင် ပုဂ္ဂလိကဘဏ်စာရင်းကို မဖြစ်မနေသုံးရခြင်း စသည်တို့သည် ဘေးအန္တရာယ်အသစ်များအနေဖြင့် တည်ရှိနေသည်။ လေ့လာမှုတွင်ပါဝင်သူတစ်ဦးက ဆိုသည်မှာ 'စစ်ကောင်စီက ဘဏ်တွေအနေနဲ့ နိုင်ငံတွင်း ငွေထုတ်သူ သို့မဟုတ် ငွေလွှဲပို့သူ မည်သူ့ကိုမဆို ဓါတ်ပုံရိုက်ယူထားဖို့၊ ကိုယ်ရေးကိုယ်တာအချက်အလက်တွေ အသေးစိတ်ရယူထားဖို့ ညွှန်ကြားထားတယ်။ အဲဒါက ကျွန်တော်/မတို့ မိတ်ဖက်အဖွဲ့တွေဆီ ငွေလွှဲဖို့အတွက် အရမ်းအန္တရာယ်ရှိစေတယ်' (KII14)။ ဘဏ်စနစ်နှင့်ပတ်သက်သော ပြဿနာမှာ နိုင်ငံတကာငွေလွှဲနှုန်းနှင့်ပတ်သက်၍ စစ်ကောင်စီ၏ ပါဝင်ချယ်လှယ်ကိုင်တွယ်ခြင်းကြောင့် ပိုမိုဆိုးရွားစေပြီး ယင်းက ဒေသခံအဖွဲ့အစည်းများ ရသင့်ရထိုက်သည်ထက် ပို၍နည်းပါးသောရံပုံငွေကိုသာ ရရှိကြတော့သည် (KII5)။ CSO အများအပြားမှာ ဟွန်ဒီဝန်ဆောင်မှုဖြင့် သို့မဟုတ် အခြားငွေလွှဲစနစ်များကို အားကိုးနေကြရသည်။ ဆက်လက်လုပ်ကိုင်နေသော အဖွဲ့အစည်းအများအပြားမှာ  အာဏာသိမ်းမှုနောက်ပိုင်း ရံပုံငွေရရှိမှုပမာဏကို ပိုမိုတည်ငြိမ်အောင် ထိန်းသိမ်းရခက်ခဲလာပြီး အများစုမှာ ယခင်ချိတ်ဆက်ခဲ့ဖူးသော နိုင်ငံတကာမိတ်ဖက်များနှင့် အဆက်အသွယ်ပြတ်တောက်နေကြောင်း ပြောဆိုကြသည်။  CSO ကွန်ယက်ခေါင်းဆောင်တစ်ဦးက 'ကျွန်တော်တို့အတွက် ရံပုံငွေရရှိမှု နည်းပါးခြင်းက အဓိကအခက်အခဲဖြစ်တယ်။ ဘာလို့လဲဆိုတော့ ရံပုံငွေရရှိဖို့ အခွင့်အလမ်းတွေကို ကျွန်တော်တို့ လုံးဝမသိတော့လို့' ဟုပြောသည် (KII25)။ အဆိုပါ ရံပုံငွေရရှိမှုခက်ခဲနေခြင်းသည် လက်တလောဖြစ်ပေါ်လာသော နိုင်ငံတကာ ငွေကြေးခဝါချမှုစောင့်ကြည့်ရေးအဖွဲ့ (Financial Action Task Force – FATF) ၏ မြန်မာနိုင်ငံအပေါ် ဖြစ်နိုင်ခြေရှိသည့် အရေးယူမှုများက ပိုမိုရှုပ်ထွေးခက်ခဲလာနိုင်စေသည်။

လက်ရှိတွင် စစ်ကောင်စီထိန်းချုပ်နယ်မြေတွင် လှုပ်ရှားနေသောအဖွဲ့များမှာ အာဏာပိုင်များနှင့်ဆက်ဆံသည့်အခါများ၌ အဖွဲ့အစည်းမှတ်ပုံတင် ရှိခြင်း၊ မရှိခြင်းတို့က အရေးပါသောအခက်အခဲများဖြစ်နေသည်။ မသေချာ မရေရာမှုများနှင့် ပြည့်နှက်နေသော အာဏာသိမ်းမှုနောက်ပိုင်းကာလတွင် စစ်ကောင်စီထိန်းချုပ်နယ်မြေတွင်ရှိနေပြီး အဖွဲ့အစည်း မှတ်ပုံတင်ထားခြင်းမရှိပါက အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို ရပ်တန့်လိုက်ကြရသည်။ CSO ခေါင်းဆောင်တစ်ဦးမှ အဆိုပါခက်ခဲသောအခြေအနေကို သုံးသပ်၍ဆိုသည်မှာ 'ကျွန်တော်/မ တို့အနေနဲ့ အဖွဲ့ရဲ့နည်းဗျူဟာကို လူတစ်ဦးချင်းစီနှင့်  အဖွဲ့အစည်းတစ်ခုလုံးအနေနဲ့ လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်စေရန်ပြုပြင်ပြီး အချို့လုပ်ငန်းတွေဆက်မလုပ်တော့ဘဲ မထင်မရှား ရပ်တည်လည်ပတ်မယ်လို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော်/မ တို့အနေနဲ့ ပွဲလမ်းတွေ၊ အခန်းအနားတွေနဲ့ အခြားပွဲတွေမှာ ပါဝင်ခြင်းမပြုဘူး။ အထူးသဖြင့် စစ်ကောင်စီနဲ့ ထိတွေ့ဆက်ဆံမှာမဟုတ်ဘူး' (KII20)။ စစ်ကောင်စီထိန်းချုပ်နယ်မြေအများစုတွင် လှုပ်ရှားနေသော CSO အဖွဲ့များအားလုံးမှာ အစည်းအဝေးများအပါအဝင် နေ့တဓူဝလုပ်ငန်းလည်ပတ်ခြင်းများပြုလုပ်ရန် ခက်ခဲနေကြသည်။ အချို့အခြေအနေများတွင် CSO အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏လှုပ်ရှားမှုများကို စစ်တပ်မှအာရုံစိုက်မှုလျော့ကျစေရန် ပြုလုပ်ကြရသည်။ အခုဆိုရင် ကျွန်တော်တို့ အစည်းအဝေးလုပ်တဲ့နေရာအသွားမှာရှိတဲ့ စစ်ဆေးရေးဂိတ်တွေမှာ ကြုံနိုင်တဲ့ လုံခြုံရေးအန္တရာယ်ကိုလျှော့ချနိုင်ဖို့ ကျွန်တော်တို့ကလေးတွေ၊ မိန်းမတွေနဲ့ မိသားစုဝင်တွေကို ခေါ်သွားဖြစ်တယ်။ လုံခြုံရေးတွေက ယောကျာ်းတွေသီးသန့်သွားတာထက် မိသားစုအလည်အပတ်သွားတဲ့ပုံစံဆိုရင် သိပ်မစစ်ဆေးဘူး။' (KII15)။ အခြား CSO အဖွဲ့ခေါင်းဆောင်တစ်ဦးကလည်း 'ကျွန်တော်/မ တို့လူထုထဲမှာ ဆန်ဝေမလို့သွားတာမှာ၊ ကျွန်တော်/မ တို့ ကားမောင်းဝင်သွားသွားခြင်းဘဲ လုံခြုံရေးတွေရောက်လာပြီး ဖမ်းဖို့လုပ်တယ်။ မြန်မြန်ပြေးလိုက်ရတယ်။' ဟုအသိပေးပြောကြားခဲ့သည်။' (KII19).

လာဘ်ပေးလာဘ်ယူမှုများနှင့် ကြုံတွေ့ရခြင်းကလည်း ဒေသခံအဖွဲ့များ ပို၍အတွေ့ရများလာသည်ဟုဆိုသော အတားအဆီးတစ်ခုဖြစ်သည်။  CSO အဖွဲ့ဝင်တစ်ဦးက 'ကျွန်တော်/မတို့ နယ်သွားပြီး သုတေသနအတွက် အချက်အလက် သွားကောက်တယ်။ ဒေသအသီးသီးကိုရောက်နိုင်ဖို့အတွက် စစ်ကောင်စီအဖွဲ့ဝင်

တွေရော၊ EAO အဖွဲ့ဝင်တွေရောကို ပိုက်ဆံပေးခဲ့ရတယ်။ လာဘ်ပေးလာဘ်ယူမှုက အရမ်းဆိုးနေပြီး နေရာတိုင်းမှာဖြစ်နေတယ်’ ဟုပြောသည် (KII18)။ အခြား CSO ကွန်ယက်ခေါင်းဆောင်တစ်ဦးမှ ပြောကြားသည်မှာလည်း ‘အဲဒါက ကျင့်ဝတ်ပိုင်းအရကြည့်မယ်ဆို အဆင်မပြေဘူးဆိုတာ ကျွန်တော်/မတို့ကောင်းကောင်းနားလည်တယ်။ ဒါပေမယ့် ခရီးသွားတဲ့အခါ မပေးချင်ပေမယ့် စစ်ဆေးရေးဂိတ်တွေမှာ လာဘက်ရည်ဖိုးပေးနေရတာတွေ၊ တချို့လုပ်ငန်းတွေအတွက် စာရွက်စာတမ်း အတုပြနေရတာတွေက အချို့ဒေသတွေကိုဖြတ်သန်းသွားနိုင်ဖို့ ခွင့်ပြုချက်ရဖို့ တခြားနည်းလမ်းမရှိတော့လို့ပဲ။’ (KII6)။ ဤသို့ လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်သည့် အခက်အခဲအသစ်ကိုလည်း CSOs များကိုယ်တိုင်ပင် ကျခံနေကြရသည်။ မငြိမ်သက်မှုကာလ ရှည်ကြာလာသည်နှင့်အမျှ ဒေသအဆင့်အာဏာပိုင်များမှ လာဘ်ပေးလာဘ်ယူခြင်းကလည်း CSO များ၏ လုပ်ငန်းလည်ပတ်မှုကို အဟန့်အတားဖြစ်စေလိမ့်မည်ဖြစ်သည်။

အထူးသဖြင့် တိုင်းဒေသကြီးများတွင် ဒေသခံအဖွဲ့အစည်းများ၏ လူထုထံသွားရောက်နိုင်သော အနေအထားကိုလည်း ပြင်းထန်စွာကန့်သတ်ထားခြင်း ခံနေရသည် (KII25)။ ထိုသို့ သွားလာနိုင်မှုကန့်သတ်ချက်များဆက်လက်ဖြစ်ပေါ်နေသည်နှင့်အမျှ CSO များအနေဖြင့် ၎င်းတို့လုပ်ကိုင်နေသောဒေသများရှိ လူထုနှင့်ပုံမှန်ချိတ်ဆက်မှုများ ပြုလုပ်ရန်အတွက် အခက်အခဲဖြစ်နေသည်။ အခြေအနေအများစုတွင်မူ CSOs များအနေဖြင့် ဒေသခံများနှင့် ပုံမှန်ချိတ်ဆက်မှုများ ပြုလုပ်နိုင်ရန်အတွက် အွန်လိုင်းပလက်ဖောင်းကို ကြိုးစား၍အသုံးပြုနေသော်လည်း ၎င်းနည်းလမ်းမှာ အကန့်အသတ်များ ရှိနေပြန်သည်။ မြေယာအရေးပြဿနာများနှင့်ပတ်သက်၍ ဆောင်ရွက်နေသော CSO ကွန်ယက်အဖွဲ့ဝင်တစ်ဦးက အဆိုပါအခက်အခဲနှင့်ပတ်သက်၍ ပြောကြားသည်မှာ…

> ‘ကျွန်တော်တို့ရဲ့အလုပ်သဘောက လူထုနဲ့ ပုံမှန်ထိတွေ့ဆက်ဆံပြီး ကွန်ယက်ချိတ်ဖို့၊ လူထုကို ထိထိရောက်ရောက် စည်းရုံးလှုံ့ဆော်ပြီး တစ်ချို့ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားရတာတွေ လုပ်ဖို့လိုတယ်။ တစ်ချို့က အဲဒီလိုချိတ်ဆက်တာတွေ၊ လှုံ့ဆော်တာတွေကို အွန်လိုင်းပလက်ဖောင်းကတဆင့်လည်း လုပ်နိုင်တာပဲလို့ပြောကြတယ်။ ဒါပေမယ့် အဲဒီလိုလုပ်ရင် ကျွန်တော်တို့လုပ်ငန်းထိရောက်မှုနဲ့ လူထုအပေါ်လှုံ့ဆော်နိုင်မှု အတိုင်းအတာပေါ်မှာ သိသိသာသာ ထိတယ်။’ (KII13)

အလားတူစွာ အမျိုးသမီးအဖွဲ့ခေါင်းဆောင်တစ်ဦးကလည်း  အွန်လိုင်းကို လူထုနှင့်ချိတ်ဆက်မှုအတွက် နည်းစနစ်အဖြစ် အသုံးပြုခြင်းက ရေရှည်ရှင်သန်သော ဆက်ဆံရေးတည်ဆောက်ရန် လုံလောက်မှုမရှိ ဟုဆိုပြန်သည် (KII16)။ CSO ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအတွက် ရှည်ကြာလာသော ကန့်သတ်ချုပ်ချယ်မှုများနှင့်  ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်း အခက်အခဲများကလည်း ၎င်းတို့၏လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ရန် အဟန့်အတားဖြစ်လာစေသည်။ CSO ခေါင်းဆောင်တစ်ဦးက ‘နိုင်ငံထဲမှာနေတဲ့သူတွေကတော့ နေစဉ်နဲ့အမျှ ရုံးကန်နေရပြီး ဘဏ်ပြဿနာ၊ စက်သုံးဆီ ပြဿနာ၊ အင်တာနက်ပြဿနာ၊ အင်တာနက်လုံခြုံရေး စတဲ့ စစ်ကောင်စီဖန်တီးထားတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ အဆင်ပြေအောင်နေနေရတယ်။ ဒါကြောင့် တဖြေးဖြေးနဲ့လူတွေက နိုင်ငံရေးကို နေ့စဉ်နဲ့အမျှ ပါဝင်ဖို့အတွက် အချိန်မရှိတော့ဘူး။ ဒါကသူတို့ (စစ်ကောင်စီ)ရဲ့ နည်းဗျူဟာဘဲလေ။’ ဟုပြောပြသည် (KII4)။ အဖွဲ့အစည်းများ၏ အခြေခံလုပ်ငန်းလည်ပတ်မှုအတွက် ကြုံတွေ့နေရသည့် များပြားလှသော အပိုဆောင်း အဟန့်အတားများနှင့်အတူ CSO များအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုများနှင့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ရန် အတားအဆီးဖြစ်လျက်ရှိကြသည်။

CSOs များမှာ အာဏာသိမ်းပြီးနောက်ပိုင်း ၁၈ လတိုင်အောင်ရှည်ကြာသော မတည်ငြိမ်မှုများကြားတွင် လှုပ်ရှားခဲ့ရပြီး ၎င်းတို့အနေဖြင့် အစီအစဥ်များ ရေးဆွဲလုပ်ကိုင်နိုင်သည့်အခြေအနေ အလွန်တရာနည်းပါးနေကြောင်း ပါဝင်သူအများအပြားမှ ပြောကြားခဲ့ကြသည်။ ‘လက်ရှိအခြေအနေမှာ ရေရှည်အတွက် အစီအစဥ်ရေးဆွဲလို့ မရနိုင်ဘူး၊ ဘယ်လို ရှင်သန်ရမလဲ၊ စစ်ကောင်စီကို ဘယ်လိုဆက်ဆန့်ကျင်ရမလဲဆိုတဲ့ ရေတိုအစီအစဥ်တွေပဲ ချမှတ်နိုင်တယ်’ ဟု CSO ကွန်ရက်ခေါင်းဆောင်တစ်ဦးမှပြောသည် (KII5)။ အလားတူ စစ်ကောင်စီ

ထိန်းချုပ်နယ်မြေတွင် လုပ်ကိုင်နေသော အခြား CSO ခေါင်းဆောင်တစ်ဦးကလည်း 'စစ်တပ်က လူထုကို အဆက်မပြတ်ဖိနှိပ်ပြီး အရမ်းဆိုးဝါးတဲ့နည်းလမ်းတွေ နေ့တဓူဝ သုံးနေတဲ့အတွက် အခုရှိနေတဲ့အရှိန်အဟုန်ကို ကျွန်မတို့ဘယ်လိုထိန်းနိုင်မယ်ဆိုတာ မသေချာဘူး' (KII4)။ မပြီးဆုံးနိုင်ဟုထင်ရသော ဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေများနှင့်အတူ လုပ်ငန်းအရှိန်အဟုန်ကို ထိန်းသိမ်းရန် အထူးသဖြင့် စစ်ကောင်စီထိန်းချုပ်နယ်မြေများတွင် လှုပ်ရှားလုပ်ကိုင်ရန် ကြိုးပမ်းနေကြသောသူများအတွက် စိန်ခေါ်မှု များလျက်ရှိသည်ဟု ပါဝင်သူအများအပြားမှ ခံစားရသည်။

သို့ရာတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အဖွဲ့အစည်းအများအပြားပိတ်သိမ်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းလိုက်သော အခြေအနေတွင် အဖွဲ့အစည်းအသစ်များနှင့်ကွန်ရက်ပုံစံအသစ်များမှာ ပြည်တွင်းပြည်ပနှစ်ဘက်လုံးတွင် ပေါ်ထွက်လာခဲ့ သည်။ ကောင်းသောအရွေ့တစ်ခုမှာ 'မျိုးဆက်သစ် (Gen Z) တွေနဲ့ လူငယ်တွေ ပေါ်ထွက်လာတာပဲ၊ သူတို့တွေက CSO ကဏ္ဍက လာတာလည်းမဟုတ်ဘူး၊ အရင်က နိုင်ငံရေးကိုစိတ်ဝင်စားတဲ့သူတွေလည်း မဟုတ်ကြဘူး၊ ဒါပေမယ့် လက်ရှိလူထုလှုပ်ရှားမှုတွေကို သူတို့တွေက တီထွင်ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့ သတ္တိရှိရှိဦးဆောင်နေတယ်' ဟု CSO ခေါင်းဆောင်တစ်ဦးကပြောသည်(KII4)။ စစ်အာဏာသိမ်းပြီးစဥ်မှစ၍ အရပ်ဘက်အဖွဲ့ဝင်များကြားတွင် ကိုယ်ပိုင်အတွေးအခေါ်အသစ်များကို အခြေခံသောအသံများ ပိုမိုပေါ်ထွက်လာခဲ့သည်။

## CSO များ၏ 'ဂေဟစနစ်' ပျက်သုန်းခြင်း

နိုင်ငံတကာအဖွဲ့ဝင်များအနေဖြင့် CSO အဖွဲ့ဝင်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများကြုံတွေ့နေရသော အခက်အခဲများ ထက်ကျော်လွန်၍ ရှည်ကြာလာပြီဖြစ်သော မြန်မာ့ပဋိပက္ခနှင့် မငြိမ်သက်မှုများက အရပ်ဘက်အဖွဲ့များ၏ ကျယ်ပြန့်သောဂေဟစနစ်နှင့် ၎င်းတို့ရရှိသော နိုင်ငံတကာအထောက်အပံ့များအပေါ်တွင် သက်ရောက်မှုရှိနေကြောင်းကို သတိပြုမိကြစေရန်မှာ အရေးပါလှသည်။ အဖွဲ့အစည်းများအကြား ဆက်သွယ်မှု ပြုလုပ်နိုင်ခြင်းကိုကန့်သတ်ထားခြင်းကြောင့် ယခင်ကရှိခဲ့ပြီးသော အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူတာဝန်ခံနိုင်မှုနှင့် အပြန်အလှန်သင်ယူမှုတို့မှာ ပျောက်ကွယ်သကဲ့သို့ဖြစ်နေရသည်။ CSO ခေါင်းဆောင်တစ်ဦးက ဆိုသည်မှာ 'အာဏာမသိမ်းခင်ကတည်းရှိခဲ့တဲ့ အဖွဲ့အချင်းချင်းကြား ဂေဟစနစ်ကတော့ လက်ရှိမှာလုံးဝကို အနှောက်အယှက်အပေးခံလိုက်ရပြီ' (KII3)။

လေ့လာမှုတွင် ပါဝင်သူအများအပြားမှ ရှိနှင့်ပြီးသော ဆက်သွယ်မှုလမ်းကြောင်းများနှင့် ကွန်ယက်များပျက်ဆီးသွားမှုကို အရေးပေး၍ ပြောပြကြသည်။ ဒေသခံ တိုက်တွန်းနှိုးဆော်ခြင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးက 'CSO တွေကြား ယုံကြည်မှုပြဿနာက လက်ရှိမှာကြီးထွားနေတယ်။ တခါတလေ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ပြီး ကျွန်တော်တို့ အချင်းချင်းကြားမှာ အယုံအကြည်မရှိကြတော့ဘဲ တစ်ယောက်နဲ့တစ်ယောက်ကြား အရင်လို ပွင့်ပွင့်လင်းလင်း စကားမပြောဖြစ်ကြတော့ဘူး။ ဒါ့ကြောင့်ကျွန်တော်တို့ အချိတ်အဆက်ပျက်ကုန်တာ' ဟုဆိုသည် (KII18)။ CSO ကွန်ယက်ခေါင်းဆောင်တစ်ဦးကလည်း ၎င်းတို့ကွန်ရက်အတွင်း ယခင်က ပါဝင်ခဲ့ကြသော အဖွဲ့ဝင်အရေအတွက်မှာ အာဏာသိမ်းပြီးနောက်ပိုင်း ဆက်တိုက်ကျဆင်းလာကြောင်း ပြောခဲ့သည် (KII13)။ နိုင်ငံပြင်ပရောက် CSO ကွန်ယက်များအနေဖြင့်လည်း အလားတူတွေ့ရှိချက်မျိုးကို ထင်ရှားစွာကြုံတွေ့နေရသည်။ နိုင်ငံပြင်ပတွင်အခြေပြုနေသော တိုက်တွန်းနှိုးဆော်မှုကွန်ရက်ခေါင်းဆောင်တစ်ဦးမှလည်း 'CSO တွေအနေနဲ့ မြေပြင်မှာရှိတဲ့ တခြားအဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံဖို့ သိပ်ယုံကြည်ချက်ရှိမနေဘူး။ မသိတဲ့လူတစ်ယောက်ယောက်နဲ့တွေ့ရတိုင်း လုံခြုံရေးအရ စိတ်ပူပန်မှုတွေမြင့်တက်လာပြီး အသင့်အနေအထား ဖြစ်နေတော့တာပဲ' (KII23)။ အဖွဲ့အစည်းနှင့် ကွန်ယက်များ၏ အမည်ပြောင်းလဲခြင်း၊ လုပ်ငန်းများပြောင်းလဲလုပ်ကိုင်ခြင်းနှင့် ယုံကြည်စိတ်ချရသော အဖွဲ့အစည်းခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ အဖမ်းခံရ၍သော်လည်းကောင်း၊ နိုင်ငံတွင်အခြားနေရာများသို့ ပြောင်းရွှေ့သွားခြင်း စသည်တို့အားလုံးက CSO အဖွဲ့အချင်းချင်းကြားဂေဟစနစ်ကို ပျက်ဆီးစေသည့် အခြေအနေတွေဖြစ်တယ်။

နိုင်ငံတကာအဖွဲ့အစည်း အများအပြားအနေနှင့်လည်း ဤအခြေအနေက မိတ်ဖက်ပြုလုပ်ဆောင်ခြင်းများ၊ ၎င်းတို့၏ စီမံကိန်းရေးဆွဲသည့်လုပ်ငန်းများ စသည်တို့နှင့်ပတ်သက်ပြီး အခက်အခဲများနှင့်ရင်ဆိုင်နေကြရသည်။ နိုင်ငံတကာ အကြံပေးဝန်ထမ်းတစ်ဦးကသုံးသပ်သည်မှာလည်း 'လူတွေအရမ်းစိုးရိမ်နေကြတယ်။ သူတို့အန္တရာယ်ရှိနိုင်တဲ့လုပ်ငန်းတစ်ခုခု လုပ်မိလို့ရှိရင် တခြားလူတွေကိုအသိမပေးချင်ကြဘူး။ အရင်က ယုံကြည်ပြီး အကုန်လုံးကိုပြောဆိုဆက်ဆံခဲ့တဲ့ မိတ်ဖက်တွေကိုတောင် အဲဒါမျိုးတွေပြောဖို့ တော်တော်သတိထားရတယ်' (KII 15)။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကွန်ယက်များသည်လည်း CSO အဖွဲ့များ၊ ဒေသခံအဖွဲ့ခေါင်းဆောင်များနှင့် ပြောဆိုဆက်ဆံမှုလမ်းကြောင်းများ၊ လူထုလိုအပ်ချက်နှင့်ပတ်သက်သည့် သတင်းချက်အလက်များနှင့် မကြာခဏဆိုသလို အဆက်အသွယ်ပြတ်တောက်လျက်ရှိသည်။

တစ်ဖက်တွင် CSO များကွန်ယက်များအနေဖြင့် စစ်အာဏာရှင်တော်လှန်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ဆက်လက်၍ပံ့ပိုးပေးနေသော်လည်း အခြားတစ်ဘက်တွင်မူ လေ့လာမှုတွင် ပါဝင်သူအများစုကမူ CSO များကြား ပြောဆိုဆက်သွယ်မှုမရှိခြင်းနှင့် ယုံကြည်မှုမရှိခြင်းတို့က ကဏ္ဍ၏အကျိုးဖြစ်ထွန်းမှုကို ထိခိုက်စေနိုင်သောအရာများအဖြစ် ဦးတည်ပြောဆိုကြပြန်သည်။ တက်ကြွလှုပ်ရှားသူတစ်ဦးမှ သုံးသပ်သည်မှာ အာဏာမသိမ်းမီအချိန်က ဤဂေဟစနစ်သည် အကျိုးဖြစ်ထွန်းခဲ့သည်။ အဆိုပါအနေအထားတွင် CSO များသည် လွတ်လပ်ပွင့်လင်းသော အချင်းချင်းအပြန်အလှန်ထိန်းကျောင်းသည့် စနစ်အားဖြင့် အများ၏ယုံကြည်လက်ခံနိုင်မှု၊ တာဝန်ယူတာဝန်ခံမှု၊ အပြန်အလှန်သင်ယူမှု၊ လမ်းညွှန်ထိန်းကြောင်းမှုနှင့် ချိတ်ဆက်လုပ်ဆောင်မှုတို့ကို ထိန်းသိမ်းခဲ့ကြသည် (KII4)။' အာဏာသိမ်းပြီးနောက်ပိုင်း CSO များ၏ဂေဟစနစ်နှင့် နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးတို့ အားနည်းသွားရခြင်းသည် လူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်လုံခြုံရေးအန္တရာယ် ပို၍ကြုံတွေ့လာရမှုအပေါ် နားလည်ဖွယ်ရာတုန့်ပြန်ခြင်း ပုံစံတစ်ခုဖြစ်သည်။ သို့သော်လည်း ယင်းတုန့်ပြန်မှုပုံစံက မြန်မာနိုင်ငံတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ကြီးထွားမှုတို့အပေါ်တွင် အနှုတ်သဘောဆောင်သော သက်ရောက်မှုဖြစ်စေခဲ့သည်။ လက်ရှိအနေအထားသည် အရေးကြီးသည့်တန်ဖိုးထားမှုများနှင့် အချင်းချင်းအပြန်အလှန် ကူညီဖေးမပေးနိုင်သော အဖွဲ့အစည်းများ၏ စုပေါင်းကွန်ယက်များကိုမြှင့်တင်ရန် အလွန်ခက်ခဲနေသော်လည်း CSO ကဏ္ဍမှာ ကြံ့ကြံ့ခံတုံ့ပြန်နေသေးသော သဘောသဘာဝကိုပြသနေသည်။ ဤအစီရင်ခံစာ၏ အကြံပြုချက်ကဏ္ဍတွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ယိုယွင်းနေသော CSO ဂေဟစနစ်ကို မည်သို့တုံ့ပြန်ပံ့ပိုးမြှင့်တင်သွားသင့်သည်ကို ပြန်လည်ဆွေးနွေးထားပါသည်။

# အပိုင်း (၃)

## အရပ်ဘက်အဖွဲ့အစည်းများ၏ ဒီမိုကရေစီအခန်းကဏ္ဍအတွက် အခွင့်အလမ်းများ

ဤကဏ္ဍတွင် မြန်မာနိုင်ငံရှိ CSO များ၏ ဒီမိုကရေစီအခန်းကဏ္ဍနှင့်ပတ်သက်သည့် လတ်တလော အပြောင်းအလဲများနှင့် ဒေသခံအဖွဲ့များအတွက် လုပ်ငန်းပတ်ဝန်းကျင်တွင် ဆိုးရွားသောအတားအဆီးများ ရှိနေသည့်တိုင် ဒီမိုကရေစီကို ဆက်လက်၍အထောက်အပံ့ဖြစ်စေမည့် ပေါ်ထွက်လာသောအခွင့်အလမ်းများကို တင်ပြထားသည်။ နိုင်ငံတကာ အဖွဲ့အစည်းအများအပြားမှာ အာဏာသိမ်းပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များကို သိသိသာသာ ဦးတည်လုပ်ဆောင်နေကြသည့် အနေအထားတွင် အရပ်ဘက်အဖွဲ့အစည်းများကို ဒီမိုကရေစီရေးရာ လုပ်ငန်းများ - သုတေသနနှင့် မှတ်တမ်းမှတ်ရာရေးသားခြင်း၊ EAOs နှင့် NUG/NUCC တို့ကိုဦးတည်၍ တိုက်တွန်းနှိုးဆော်ခြင်း သို့မဟုတ် ဒေသအဆင့်အတိုင်ပင်ခံကောင်စီများ ဥပမာ - ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) သို့မဟုတ် အောက်ခြေအဆင့်စီမံအုပ်ချုပ်ရေးစနစ်များကို တိုက်တွန်းနှိုးဆော်ခြင်း - ကဲ့သို့သော တန်ဖိုးရှိပြီး ရေရှည်အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးနိုင်သောအခွင့်အလမ်းများ တစ်စတစ်စပေါ်ထွန်းလာနေကြောင်းကို ဤလေ့လာမှုတွင်ဖော်ပြသည်။

အာဏာသိမ်းပြီးချိန်မှစ၍ - ဒီမိုကရေစီနှင့်ဆက်စပ်နေသော လုပ်ငန်းများတွင်ပါဝင်နေသည့် - CSO အဖွဲ့ဝင်များနှင့် ခေါင်းဆောင်အများအပြား ခံစားနေရသော ရုတ်ချည်းဆုံးရှုံးသည့်ခံစားချက်ကို ဦးစွာအသိအမှတ်ပြုရန် လိုအပ်သည်။ အများစုမှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုမှအစပြု၍ မသန်စွမ်းသူများ၏အခွင့်အရေးအထိ နိုင်ငံတဝှမ်းရှိကဏ္ဍပေါင်းစုံတွင် လူထုအထောက်အပံ့ပေးရေး၊ တိုက်တွန်းနှိုးဆော်ရေး၊ မူဝါဒနှင့်ဥပဒေရေးရာ အပြောင်းအလဲများ ဖော်ဆောင်ခြင်းတို့တွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်ခဲ့ကြသူများဖြစ်ကြသည်။ CSO တွင် လုပ်ကိုင်နေကြသူအများအပြားမှာ အဆိုပါကဏ္ဍများနှင့် ပတ်သက်၍ နက်နဲသောဗဟုသုတများရှိနေခဲ့ပြီး နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရဌာန ဆိုင်ရာများ၊ လွှတ်တော်အမတ်များနှင့်လည်း ရင်းနှီးမှုတည်ဆောက်ခဲ့သူများဖြစ်သည်။ အဆိုပါတိုက်တွန်းနှိုးဆော်မှုနှင့် မူဝါဒရေးရာလုပ်ငန်းများအားလုံး နီးပါးမှာ လက်ရှိတွင်ရပ်တန့်သွားပြီဖြစ်သည်။ CSO များအနေဖြင့် ပုဂ္ဂိုလ်ရေးရာ အန္တရာယ်များကျရောက်နိုင်သောကြောင့် မူဝါဒရေးရာ တိုက်တွန်းနှိုးဆော်မှုများပြုလုပ်ခြင်းအားဖြင့် စစ်အစိုးရနှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ရန် မဖြစ်နိုင်ပေ။ ထို့အပြင် CSO အဖွဲ့ဝင်အများစုမှာလည်း (စစ်ကောင်စီနှင့် အဆက်အဆံပြုသောမည်သည့်အဖွဲ့အစည်းကိုမဆို လူသိရှင်ကြား ပစ်တင်ရှုတ်ချခြင်းနှင့် အရှက်ခွဲခံရခြင်းတို့ကြောင့်) လူထုအသိအမှတ်ပြုမှု မရှိသလောက်ဖြစ်နေသော စစ်ကောင်စီအစိုးရနှင့် ထိတွေ့ဆက်ဆံမှု မပြုလုပ်လိုကြပေ။

နိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးအရဆုတ်ယုတ်နေသည့်အခြေအနေအတွင်း အာဏာရှင်၏ရက်စက်ကြမ်းကြုတ်သော ခေါင်းဆောင်မှုနှင့် အရပ်ဘက်အဖွဲ့အစည်းများ မူဝါဒရေးရာနှင့် စီမံအုပ်ချုပ်မှုကိစ္စရပ်များတွင် အဓိပ္ပါယ်ရှိစွာပါဝင်မှုတို့ကို လုံးဝနီးပါးဖြတ်တောက်ထားခြင်းမှာ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်သည်။ ဒေသခံအဖွဲ့အစည်းဝင်တစ်ဦးပြောကြားခဲ့သည်မှာ '(စစ်အာဏာမသိမ်းခင်) ကျွန်တော်တို့လုပ်ထားတာတွေအကုန်လုံးက အနုတ်ဘက်ရောက်ကုန်ပြီ' (KII7)။ သယံဇာတတူးဖော်သည့်လုပ်ငန်းများအား စောင့်ကြည့်လေ့လာနေသော ဒေသမိတ်ဖက်များကိုပံ့ပိုးပေးနေသည့် မြန်မာ CSO အဖွဲ့ဝင်တစ်ဦးကလည်း 'စစ်အာဏာသိမ်းကတည်းက မြေသိမ်းယာသိမ်း၊ ရွှေတူးဖော်ရေးလုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ပြဿနာတွေ တိုးပွားနေခဲ့ပေမယ့်လည်း စစ်ကောင်စီကို အရင်တုန်းကလိုမျိုး တိုက်တွန်းနှိုးဆော်တာတွေ သွားလုပ်လို့မရတော့ဘူး' (KII4)။

ဤအခြေအနေတွင် ဤလေ့လာမှုတွင်ပါဝင်ခဲ့သူအများစု၏ အတောင့်တဆုံးပန်းတိုင်မှာ စစ်အာဏာရှင်ခေါင်းဆောင်မှုကို ဖယ်ရှားနိုင်ရန်ပင်ဖြစ်သည်။ CSO အဖွဲ့ဝင်တစ်ဦးဖော်ပြသကဲ့သို့ 'ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်ပထမအဆင့်က စစ်အာဏာရှင်စနစ် ရပ်တန့်သွားဖို့ပဲဖြစ်တယ်… ကျွန်တော်တို့ကတော့ ဒီမိုကရေစီပြန်ရဖို့ ဆန္ဒပြတာပဲဖြစ်ဖြစ်၊ လူထုလှုံ့ဆော်တာနဲ့ စင်ပြိုင်အစိုးရနဲ့ထိတွေ့ဆက်ဆံတာပဲဖြစ်ဖြစ် (တော်လှန်ရေးလုပ်ငန်းတွေ) ဘယ်နေရာမှာပဲမဆို ပါဝင်မှာပဲ' (KII5)။ နောက်ထပ်ပါဝင်သူတစ်ဦးမှလည်း ၎င်းတို့၏ပန်းတိုင်အသစ်ကို 'ကျွန်မတို့ဘယ်တော့မှ အရှုံးပေးမှာမဟုတ်ဘူး၊ ကျွန်မတို့ဆုံးရှုံးသွားတာတွေကို ကျွန်မတို့ပြန်

ရအောင်ယူမယ်။ ဒီအာဏာရှင်စနစ် အဆုံးသတ်ကိုသတ်ရမယ်။ အနာဂတ်နိုင်ငံတော် တည်ဆောက်ဖို့အတွက် အဆင်သင့်ဖြစ်ဖို့ ကိုယ့်ကိုယ်ကိုလည်းပြင်ဆင်နေတယ်' ဟူ၍ စိတ်လှုပ်ရှားစွာ ဖော်ပြခဲ့သည် (KII18)။

ပြောဆိုဆက်ဆံရေး၊ ယုံကြည်မှုနှင့် CSO ဂေဟစနစ်ပျက်သုဥ်းသွားခြင်း အစရှိသော နေ့တဓူဝ စိန်ခေါ်မှုများ ရှိနေလင့်ကစား ကျယ်ပြန့်စွာရှုမြင်သုံးသပ်မည်ဆိုပါက စစ်အာဏာရှင်ဆန့်ကျင်တော်လှန်ရေးသည် တစ်နိုင်ငံလုံး၊ အထူးသဖြင့် မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများအကြား စည်းလုံးညီညွတ်မှုရရှိရန် အခွင့်အလမ်း တစ်ခုဖြစ်သည်။ CSO အဖွဲ့ဝင်တစ်ဦး (KII4) က စစ်အာဏာရှင်ဆန့်ကျင်ရာမှ ဤသို့သော စည်းလုံးညီညွတ်မှု ရရှိနိုင်သည့် အလားအလာကောင်းကို ဖော်ပြခဲ့သည် -

> 'အခြေအနေကတော့ တော်တော်ဆိုးတယ်၊ ဒါပေမယ့်တဖက်မှာလည်း ကောင်းတဲ့ အနေအထားတစ်ရပ် ရှိနေတယ်။ တစ်နိုင်ငံလုံးက နိုင်ငံရေးအရနိုးကြားလာတယ်၊ တက်တက်ကြွကြွ လှုံ့ဆော်လာကြတယ်၊ စစ်အာဏာရှင်ကို ဗမာလူများစုနဲ့ တိုင်းရင်းသား လူနည်းစုတွေ အားလုံးတူတူ ပူးပေါင်းဆန့်ကျင်လာကြတယ် ... အရင်က တိုင်းရင်းသားဒေသတွေမှာပဲဖြစ်ခဲ့တဲ့ အတွေ့အကြုံဆိုးတွေက အခုဆိုရင် ဗမာလူမျိုးတွေဆီကိုလည်း ရောက်လာပြီ။ ဒါကြောင့် မို့လို့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပိုနားလည်လာတယ်။ အဲ့ဒါက စစ်အာဏာရှင်ကိုဆန့်ကျင်ဖို့အတွက် ပိုစည်းလုံးတဲ့အရွေ့ကို ပေါ်လာစေတယ်'

NUG ၏ ရိုဟင်ဂျာလူနည်းစုနှင့် အခြားသော တိုင်းရင်းသားလူထုများအား အတိတ်ကဖြစ်ရပ်များအတွက် လူသိရှင်ကြား တရားဝင်တောင်းပန်ခြင်းနှင့်အတူ စစ်တပ်၏ နှိပ်ကွပ်အကြမ်းဖက်မှုကို ဗမာအများဆုံးမှီတင်း နေထိုင်ရာဒေသများတွင် တိုက်ရိုက်တွေ့ကြုံခံစားရခြင်းတို့က ဖယ်ဒရယ်နိုင်ငံရေး အကူးအပြောင်းနှင့် တိုင်းရင်းသားပေါင်းစုံပါဝင်နိုင်ရေး စသည်တို့နှင့်ဆိုင်သော ကျယ်ပြန့်သည့်ကတိကဝတ်များ ဖြစ်ပေါ်စေရန် အကြောင်းအထောက်အပံ့ဖြစ်ခဲ့သည်။ စစ်အာဏာသိမ်းမှု၏ ဆိုးရွားသောအကျိုးဆက်များက မြန်မာနိုင်ငံရှိ တိုင်းရင်းသားအဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်မှုအတွက် အလားအလာအသစ်ဖြစ်စေရန် တွန်းအား တစ်ရပ်ဖြစ်စေသည်။ အဆိုပါအကြောင်းတရားများ၏ ပေါင်းစည်းမှုက CSO ခေါင်းဆောင်တစ်ဦးပြောကြားသကဲ့သို့ 'အရေးအကြီးဆုံးသော အခွင့်အလမ်း' ဖြစ်လာသည် (KII17)။ အခြားCSO ခေါင်းဆောင်တစ်ဦးက လည်း တော်လှန်ရေးသည် 'ကြီးမားသောလူထုလှုပ်ရှားဖြစ်သည်။' ယင်းကြောင့် လူထုနှင့် CSO များအကြား ရှိနေခဲ့သော အကာအရံအတားအဆီးများ တစ်နည်းတဖုံဖြင့်လျော့ကျသွားခဲ့ရသည်။ သူကဆက်၍ ပြောသည်မှာ 'အဖွဲ့အစည်းနာမည်က အရေးမကြီးပါဘူး။' 'ကျွန်တော်တို့က လူထုရဲ့တဆိတ်တဒေသဖြစ်နေပြီး သူတို့နဲ့ ပူးပေါင်းကာ လက်ရှိလှုပ်ရှားမှုတွေကို ပုံဖော်ထုစစ်နေကြတာပဲ'။

ဤကဲ့သို့ စစ်အာဏာရှင်စနစ်အဆုံးသတ်ရေးနှင့် ဖယ်ဒရယ်ဒီမိုကရေစီ နိုင်ငံတစ်ခုတည်ထောင်ရေး ဟူသော ကြီးမားကျယ်ပြန့်သည့်ရည်မှန်းချက်ပန်းတိုင်က အာဏာမသိမ်းမီကာလ ဒီမိုကရေစီနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခဲ့ကြသော CSO များ၏ မျှော်မှန်းချက်များနှင့်ယှဉ်ပါက သိသာထင်ရှားစွာ ပြောင်းလဲသွားခြင်းဖြစ်သည်။ အဆိုပါကာလတွင် လူများအနေနှင့် ပြောင်းလဲမှုအတွက် တိုက်တွန်းနှိုးဆော်မှု များ ပြုလုပ်သည့်အခါတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင် အတွင်းမှသာလုပ်မည်ဟု စဥ်းစားတွေးခေါ်ခဲ့ကြသည်။ နိုင်ငံတကာအလှူရှင် ကိုယ်စားလှယ်တစ်ဦး (KII21) ပြောကြားသကဲ့သို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခုအခါတွင် 'သေဆုံးခဲ့ပြီ' ဖြစ်သည်။ ဆိုလိုသည်မှာ CSO များ၏ လက်ရှိဒီမိုကရေစီဆိုင်ရာ လုပ်ကိုင်မှုများ၏ နယ်ပယ်မှာ ထို (၂၀၀၈ ဖွဲ့စည်းပုံ) ထက်မက အလွန်တရာကျယ်ဝန်းပြီး နိုင်ငံတစ်နိုင်ငံလုံး နှင့် ပါဝင်ပတ်သက်သော အဖွဲ့အအစည်းများကို အစအဆုံးနီးပါး အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် အလားသဏ္ဍာန်တူသောအရာများ ပါဝင်နေသည်။

ဤသုတေသနတွင်ပါဝင်ဖြေဆိုသည့် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်အများအပြားကလည်း စစ်အာဏာရှင်ကို ဆန့်ကျင်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ အကြမ်းမဖက်သောနည်းနှင့် လက်နက်ကိုင်

တိုက်သောနည်း အသွင်နှစ်ခုစလုံး ပါဝင်ရန်လိုအပ်သော တော်လှန်ရေးလှုပ်ရှားမှုအဖြစ် ရှုမြင်ကြသည်။ အာဏာသိမ်းပြီးစ အစောပိုင်းလများတွင် လူထု၏ ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြမှုများအပေါ် စစ်တပ်၏ အကြမ်းဖက်သတ်ဖြတ်နှိမ်နင်းမှုများက လက်နက်ကိုင်တော်လှန်ခြင်း နှင့်ပတ်သက်သည့် CSO အများ အပြား၏ရှုမြင်ပုံများကို ပြန်လည်စီစစ်သုံးသပ်ပြင်ဆင်ရန် အခြေအနေ ဖြစ်လာခဲ့သည်။ CSO ခေါင်းဆောင် တစ်ဦးပြောကြားသကဲ့သို့ ‘ကျွန်တော်တို့က ဒီနိုင်ငံမှာဘဲနေပြီး ဒီမိုကရေစီပြန်ရအောင်ကြိုးစားမှာ။ ဒါက အာဏာရှင်စနစ်ရဲ့အဆုံးသတ်ဖြစ်ရမယ်။’ ‘လက်နက်ကိုင်တော်လှန်တယ်ဆိုတာ အကောင်းဆုံးနည်းလမ်း မဟုတ်မှန်း ကျွန်တော်တို့သိကြတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ တခြားရွေးချယ်စရာလမ်းမရှိတော့ဘူး။ သူ တို့ (စစ်တပ်) ရဲ့ဆိုးသွမ်းမှုတွေကို ရပ်တန့်ဖို့ ဒီနည်းဘဲရှိတော့တယ်’ (KII5)။ နိုင်ငံတကာဆန်းစစ်လေ့လာသူ တစ်ယောက်က သုံးသပ်သည်မှာလည်း ‘အာဏာသိမ်းပြီးနောက်ပိုင်း ဆွေးနွေးဖြစ်တာကတော့ CSO အဖွဲ့ ဝင်တွေအများကြီးက PDF ဖြစ်ကုန်တာ၊ လူထုထဲကအများစုကလည်း PDF တွေအတွက် ရံပုံငွေရှာလာတာ တွေဖြစ်လာကြတယ်။ ဆိုတော့ကာ အကြမ်းမဖက်တဲ့နည်းနဲ့ အာဏာဖီဆန်တာနဲ့ပတ်သက်လို့ ဆွေးနွေးငြင်း ခုန်နေတာကနေ လုံးဝသဘောသဘာဝ ပြောင်းသွားတယ်။... အမှန်တကယ်တော့ မြန်မာအများစုအတွက် က အဲဒီလိုပြောင်းသွားတာ (လက်နက်ကိုင်ဆန့်ကျင် တာ) ကပြဿနာတစ်ခုမဟုတ်နေဘူး’(KII22)။ လေ့လာ မှုတွင်ပါဝင်သော မြန်မာနိုင်ငံသားပါဝင်သူများအနေနှင့် တော်လှန်ရေးနှင့် စစ်အုပ်ချုပ်မှုဆန့်ကျင်ရေး မူ ဘောင်အောက်တွင် CSO များ၏ ဦးဆောင်ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် PDF နှင့် EAO များ၏ အကြမ်းဖက် (လက်နက်ကိုင်) စစ်တပ်ဆန့်ကျင်ရေးလုပ်ငန်းများသည် အဓိပ္ပာယ်ပြည့်ဝစွာ တသားတည်းချိတ်ဆက် နေကြသည်။ ယင်းက ‘အကြမ်းဖက်ဆန့်ကျင်တာက အကျပိုနာနိုင်မယ်’ ‘violence being a slippery slope’ (KII11) ဟုဆိုပြီး စိုးရိမ်ပူပန်နေကြသောကြောင့် အကြမ်းဖက်ဆန့်ကျင်ရေးနှင့် အကြမ်းမဖက်သော ဆန့်ကျင်လှုပ်ရှားမှုများအကြား ချိတ်ဆက်မှုရှိနေခြင်းကိုမမြင်တွေ့လိုသော နိုင်ငံတကာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အများအပြား၏ အတွေးအခေါ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

နောက်ဆုံးအနေဖြင့် အားလုံးနီးပါးမှ ကျယ်ကျယ်ပြန့်ပြန့်သဘောတူလက်ခံထားသော ရည်မှန်းချက်ဖြစ်သည့် စစ်အုပ်ချုပ်မှုအဆုံးသတ်ရေးဘောင်အတွင်းမှာပင် စစ်ကောင်စီ (လက်အောက်ခံဌာနများအပါအဝင်) နှင့် လုပ်ငန်းများ ထိတွေ့လုပ်ဆောင်ရခြင်းနှင့်စပ်လျဉ်း၍ အထိရောက်ဆုံးသောနည်းဗျူဟာများနှင့်ပတ်သက် ပြီး ဒေသခံ CSO အဖွဲ့များအကြား တင်းမာမှုတချို့ရှိသည်ဟု သတိထားမိကြကြောင်း လေ့လာမှုတွင်ပါဝင် သူ အများအပြားက ပြောဆိုကြသည်။ ယင်းက ၁၉၉၀ နှင့် ၂၀၀၀ ခုနှစ်များတွင်ကြုံတွေ့ခဲ့သော အခြေအနေ များ၏ ပုံတင်ထပ်ခြင်းကဲ့သို့ဖြစ်သည်။ အချို့သော CSO အဖွဲ့များမှာ လက်တွေ့ဆန်သည့်နည်းလမ်းဖြင့် စစ် ကောင်စီအောက်တွင် အသင်းအဖွဲ့မှတ်ပုံတင်ပြုလုပ်ပြီး လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်းများကို နိုင်ငံအတွင်းတွင် လုပ်ဆောင်နေကြသည်။ အချို့ပါဝင်သူများက အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ဦးတည် လူထုတွင် လူသားချင်းစာနာထောက်ထားသည့်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် တစ်ခုတည်း သောနည်းလမ်းမှာ အသင်းအဖွဲ့မှတ်ပုံတင်ခြင်း နည်းလမ်းဖြစ်သည်ဟုထင်ကြသည် - အချို့အခြေအနေ များတွင် NGO များအနေဖြင့် ဆယ်စုနှစ်ချီ၍ ချိတ်ဆက်လုပ်ဆောင်ခဲ့သည့် လူထုများရှိကြပြီး၊ ၎င်းတို့၏ အဆိုပါဒေသအတွင်းမှ လုပ်ငန်းများကို ရပ်တန့်လိုက်ရန် သို့မဟုတ် လုပ်ငန်းပမာဏလျှော့ချရန် မဖြစ်နိုင်သော အခြေအနေများရှိနေနိုင်သည်။ သို့ရာတွင် အရပ်ဘက်အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူတစ်ဦးရှင်းပြသည် မှာ ‘အဖွဲ့တွေအနေနဲ့ စစ်ကောင်စီအာဏာပိုင်တွေနဲ့ ထိတွေ့ဆက်ဆံမလား ဆိုတာနဲ့ပတ်သက်ပြီး အငြင်းပွား မှုရှိနေတယ်။ တချို့ကတော့ ပိုပြီး လုပ်လို့ကိုင်လို့အဆင်ပြေမယ့်နည်းလမ်းကို ရွေးကြတယ်။ အခြားသူတွေ ကတော့ စိတ်ဓါတ်ပြင်းပြီး တရားသေအမြင်တွေနဲ့လုပ်ဆောင်ကြတယ်’ (KII11)။ ထို ‘စိတ်ဓါတ်ပြင်း’ သူများ မှာ စစ်ကောင်စီနဲ့ လုံးဝထိတွေ့ဆက်ဆံမှုမလုပ်ဖို့ရာအတွက် အခြားသူတွေကိုစည်းရုံးကြသည်။ အရပ်ဘက် အဖွဲ့များအနေနဲ့ စစ်တပ်ဘက်မှ လုံခြုံရေးကိုဆိုးရွားစွာထိခိုက်နိုင်သော ဘေးအန္တရာယ်များပေးလျက်ရှိသဖြင့် အလွန်အန္တရာယ်များသောအခြေအနေတွင် လုပ်ကိုင်နေရချိန် တစ်ဘက်တွင်လည်း စစ်တပ်ဆန့်ကျင်သော အဖွဲ့များမှ စစ်ကောင်စီနှင့် ထိတွေ့လုပ်ကိုင်ခြင်းကြောင့် ‘နာမည်တပ်၍ အရှက်ခွဲခြင်း’ ခံရမည်ကိုလည်း စိုးရိမ်

နေရသေးသည်။ တက်ကြွလှုပ်ရှားသူမှ ဆက်၍ရှင်းပြသည်မှာ 'တစ်စုံတစ်ယောက်က ဒေသအဆင့်မှာ (စစ်ကောင်စီကို) တရားဝင်အသိအမှတ်ပြုမှုပေးသည့် ပုံစံဖြစ်နေပြီး၊ ဒေသခံ PDF အဖွဲ့များမှ ၎င်းကိုမလျှော်ကန်ဟုထင်မြင်ပါက ခင်ဗျားအသက်အန္တရာယ်ရှိနေနိုင်တယ်' (KII11)။ ၁၉၉၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များမှာကဲ့သို့ပင် စစ်အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံမှုပမာဏနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့ကဏ္ဍအတွင်း တင်းမာမှုများ ရှိနေလျက်ရှိသည်။

## ဒီမိုကရေစီလုပ်ငန်းများအတွက် ပေါ်ထွက်လာသော လုပ်ငန်းနယ်ပယ်များ

အဆိုပါအခက်အခဲအတားအဆီးများ၊ အပြောင်းအလဲများနှင့် တင်းမာမှုများရှိနေသည့်တိုင် CSO အဖွဲ့များအနေဖြင့် ဒီမိုကရေစီနှင့်သက်ဆိုင်သောလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန်နှင့် လုပ်ငန်းနယ်ပယ်အသစ်များတွင် ပါဝင်လုပ်ဆောင်နိုင်ရန်အတွက် တုန့်ပြန်ရုံးထနိုင်စွမ်းများနှင့် တီထွင်ဆန်းသစ်မှုများကို ထင်ဟပ်ပြသနေကြသည်။ ဤကဏ္ဍတွင် သုတေသနနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၊ NUCC/NUG နှင့် EAO များနှင့်ထိတွေ့လုပ်ဆောင် သည့် လုပ်ငန်းများနှင့် ရပ်ရွာအဆင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပံ့ပိုးသည့်ကိစ္စရပ်များတွင် CSOအဖွဲ့များ၏ အခန်းကဏ္ဍကိုအရေးပေး၍ တင်ပြသွားမည်ဖြစ်သည်။

CSO များ၏ဒီမိုကရေစီနှင့်ပတ်သက်သော အဓိကလုပ်ငန်းတစ်ခုမှာ ကဏ္ဍပေါင်းစုံတွင် အထူးသဖြင့် အဖွဲ့အစည်း၏ အာဏာမသိမ်းမီ စိတ်ဝင်တစားပါဝင်ခဲ့သော လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ဆက်လက်၍ သုတေသနပြုခြင်း နှင့်စောင့်ကြည့်လေ့လာခြင်းတို့ လုပ်ကိုင်ခြင်းဖြစ်သည်။ ဥပမာ CSO အဖွဲ့ခေါင်းဆောင်တစ်ဦးက ဥပဒေရေးရာ အထောက်အကူပြုအဖွဲ့တခုမှ အာဏာသိမ်းစစ်ကောင်စီ ဖမ်းဆီးထားသော တက်ကြွလှုပ်ရှားသူများ၏ အမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ သိမ်းဆည်းပေးထားခြင်းကို ဖော်ပြခဲ့သည်။ အခြားတစ်ဖွဲ့ကမူ 'တရားမဝင်ငွေကြေးစီးဆင်းမှုကိုလေ့လာခြင်း ကမ်ပိန်း' 'black money campaign' (KII14) ကဲ့သို့သော စစ်ကောင်စီလက်ထက် ၎င်းတို့နှင့်အကျိုးတူပူးပေါင်း၍ လုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံမှုစီမံချက်များအား မည်သို့ စောင့်ကြည့်လေ့လာ မှတ်တမ်းတင်စည်းရုံးလှုံ့ဆော်သည်ကို အလေးထားဖော်ပြသွားသည်။ မွန်နှင့်ရှမ်းပြည်နယ်ရှိ CSO အချို့ကမူ သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေး စသော ၎င်းတို့၏ဒေသရှိ သဘာဝအရင်းအမြစ်များ ထုတ်ယူအသုံးပြုနေပုံကို စောင့်ကြည့်နေကြသည်။ ဤလေ့လာမှုတွင်ပါဝင်သူအများစုအတွက်မှာ စစ်ကောင်အစိုးရနှင့် မူဝါဒရေးရာအရ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများ မလုပ်နိုင်သေးသော်လည်း ဤကဲ့သို့ သုတေသနပြုခြင်းနှင့် ရေးသားမှတ်တမ်းတင်ထားခြင်းတို့သည် အရေးကြီးသည်ဟု ထင်မှတ်ကြသည်။ CSO ခေါင်းဆောင်တစ်ဦးပြောသည်မှာ 'လက်ရှိမှာ ကျွန်မတို့ ဘာမှသိပ်အများကြီး လုပ်လို့မရဘူး။ လက်ရှိအခြေအနေကို စောင့်ကြည့်လေ့လာဖို့ဘဲ တတ်နိုင်သေးတယ်' (KII8)။ သို့ရာတွင် အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း သုတေသနပြုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းသည်လည်း လက်ရှိအနေဖြင့် လုပ်ကိုင်ရာတွင်လည်း အလွန်အန္တရာယ်ရှိနိုင်သော ကာလဖြစ်သည်။ အခြေအနေအများစုတွင် တိုက်ရိုက်ကွင်းဆင်းခရီးသွား၍ သုတေသနပြုလုပ်ရန်မဖြစ်နိုင်သောကြောင့် CSO များအနေဖြင့် သတင်းအချက်အလက်များ ကောက်ယူရာတွင် ဒေသခံလူထုကိုသာ များစွာမှီခိုအားထားနေကြရသည်။ သွားလာရန် ဝေးကွာ၍ မလုံခြုံသောဒေသများတွင် အချက်အလက်ကောက်ရန်လိုအပ်လာပါက သုတေသနအချက်အလက်များကို ယာယီဒေတာသိမ်းဆည်းသည့် ပစ္စည်းကိရိယာများအတွင်းထည့်သွင်းပြီး လုံခြုံသောဒေသများသို့သယ်ယူကာ ပြန်လည်သိမ်းဆည်းကြရသည်။ တွေ့ရှိချက်များကိုအခြေခံ၍ ရေးသားထားပြီးသော အစီရင်ခံစာများကိုလည်း လုံခြုံစိတ်ချရသော လမ်းကြောင်းများမှသာ အခြား CSO များ၊ NUG နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များကို ဖြန့်ဝေကြသည်။

အခြား CSO အဖွဲ့အချို့မှာ မူဝါဒဖော်ထုတ်ရေးလုပ်ငန်းများကို NUCC/NUG တို့နှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိကြသည်။ ဥပမာ LGBTIQ+ လူထုအတွက် တိုက်တွန်းနှိုးဆော်မှုများလုပ်ကိုင်ခဲ့သော အဖွဲ့တစ်ခုမှာလည်း အာဏာသိမ်းပြီး နောက်ပိုင်းတွင် ၎င်းတို့၏ မူဝါဒရေးရာတိုက်တွန်းနှိုးဆော်သည့်လုပ်ငန်းစဥ်များကို

NUG ကိုသာဦးတည်လုပ်ကိုင်ခဲ့သည် (KII23)။ သဘာဝပတ်ဝန်းကျင်အရင်းအမြစ် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် လုပ်ကိုင်နေသော CSOအဖွဲ့တစ်ခုမှာလည်း ၎င်းတို့၏ မူဝါဒရေးရာသုတေသနတစ်ခုမှတွေ့ရှိချက်အနှစ်ချုပ်ကို NUG အဖွဲ့ဝင်များအားတင်ပြခဲ့သည်။ ဥပဒေရေးရာပံ့ပိုးမှုပြုနေသော အဖွဲ့များမှလည်း နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်သည့် အချက်အလက်များအား NUG သို့ တင်ပြလျက်ရှိကြသည်။ NUCC တွင်လည်း ဒေသခံအဖွဲ့အစည်းများမှ သုတေသနတွေ့ရှိချက်များကို ဦးတည်ဆွေးနွေးနေသော CSO အဖွဲ့တစ်ခုပါဝင်နေသည်။ CSO ခေါင်းဆောင်တစ်ဦးသုံးသပ်သည်မှာ ‘NUG နဲ့ NUCC လို လူထုကတရားဝင်အသိအမှတ်ပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေရှိလာတာ အရမ်းကောင်းတယ်။ အခုဆိုရင် သိက္ခာသမာဓိရှိတဲ့ CSO တွေက ဒီမိုကရေစီအစိုးရအတွက် နိုင်ငံရေးအရထိန်းကျောင်းပေးမယ့် အားကောင်းတဲ့လုပ်ငန်းစဥ်တစ်ခု ဖြစ်တဲ့ NUCC ကို ပိုမိုကောင်းမွန်အောင် ဦးဆောင်ဦးရွက်ပြုနေကြတာဖြစ်တယ်’ (KII17)။

ထိုသို့ပါဝင်ရန်အတွက်လည်း ယခင်က CSO များတွင်အလုပ်လုပ်ခဲ့ဖူးသော NUG အဖွဲ့ဝင်များမှ ဦးဆောင်ပံ့ပိုးပေးနေခဲ့သည်။ သို့ရာတွင် အချို့ပါဝင်သူများက CSO များအနေဖြင့် NUG တွင်ပါဝင်ရန် သို့မဟုတ် NUG လုပ်ဆောင်နေသော လုပ်ငန်းများကို သိရှိနားလည်ရန်ပင် ခက်ခဲသည်ဟု ဆိုကြပြန်သည်။ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးကွန်ရက် အဖွဲ့ဝင်တစ်ဦးက ၎င်းတို့ယခင်ကအလွန်ရင်းနှီးခဲ့ဖူးသော NUG အဖွဲ့ဝင်တစ်ဦးမှာ ယခုအခါဆက်သွယ်၍မရနိုင် ဖြစ်နေသည်ဟုဆိုသည် (KII16)။ CSO များနှင့် NUG/NUCC တို့ကြားဆက်ဆံရေးအခြေအနေ အမျိုးမျိုးကွဲပြားမှုများမှာ နောင်တစ်ချိန်တွင်သုတေသနလုပ်ဆောင်သင့်သော တန်ဖိုးရှိသည့်အကြောင်းအရာတစ်ခုဖြစ်သည် (KII17)။

တစ်ချိန်တည်းမှာပင် CSO များအနေဖြင့် EAO များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည့်အလားအလာများကို အခြားပါဝင်သူများက ဆိုကြသည်။ CSO များအနေဖြင့် EAO ထိန်းချုပ်နယ်မြေများတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများဆောင်ရွက်သည့်အခါ သို့မဟုတ် အကယ်၍အဖွဲ့အနေဖြင့် နိုင်ငံအတွင်းမှ နယ်စပ်ဖြတ်ကျော်တိမ်းရှောင်သူများကို အကူအညီပေးသည့် အခြေအနေများတွင် EAO များကိုပြောဆိုဆက်ဆံရန် မဖြစ်မနေလိုအပ်သည်။ ထိုထက်ပို၍ ထိတွေ့ဆက်ဆံရန်လိုအပ်သည့် အခြေအနေတစ်ရပ်ကိုပြောရမည်ဆိုလျှင် တိုင်းရင်းသားဒေသများတွင်အခြေစိုက်သည့် CSO အချို့မှာ မူဝါဒရေးရာနှင့် စီမံအုပ်ချုပ်သည့်လုပ်ငန်းစဥ်များတွင် EAO များနှင့် ပူးပေါင်းလုပ်ဆောင်နေကြသည်။ ဥပမာ ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုက်တွန်းနှိုးဆော်မှုလုပ်ဆောင်နေသောအဖွဲ့အစည်းတစ်ခုသည် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် ပြဿနာများနှင့်ပတ်သက်၍ KNU နှင့်ပူးပေါင်းလုပ်ဆောင်နေသည်။ မြန်မာ့ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာအကြံပေးတစ်ဦးက တိုင်းရင်းသားထိန်းချုပ်နယ်မြေတွင် တရားစီရင်ရေးလုပ်ထုံး လုပ်နည်းတစ်ခုပေါ်ထွက်လာရေးအတွက် CSO များမှ မည်ကဲ့သို့ပံ့ပိုးပေးခဲ့ကြောင်းနှင့် အခြားသော CSO များကလည်း EAO ဒေသမြေယာမူဝါဒနှင့် စိုက်ပျိုးရေးမူဝါဒများပေါ်ထွက်လာရေးအတွက် EAO နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း ပြောပြခဲ့သည် (KII4)။ EAO များကလည်း ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် မူဝါဒရေးဆွဲခြင်းလုပ်ငန်းများတွင် ဒေသခံ CSO များ၏အကြံပြုချက်များကို ပို၍လက်ခံလာကြကြောင်း ပါဝင်သူအချို့ကပြောကြားသည်။ ၎င်းမှာလွန်ခဲ့သော ၁၀-၁၂ နှစ်ကြာကာလနှင့်နှိုင်းယှဥ်ပါက သိသာထင်ရှားစွာ ကွာခြားလာသည်ကိုတွေ့နိုင်သည်(KII22)။ EAO များ (နှင့် PDF များ) ၏ တုံ့ပြန်မှုအားကောင်းသောစီမံအုပ်ချုပ်မှုသည် လက်ရှိအခြေအနေတွင် CSO များပါဝင်လာရန်အတွက် အဓိကအခွင့်အလမ်းတစ်ခုဖြစ်သည်။

ရပ်ရွာအဆင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် CSO များပါဝင်လုပ်ကိုင်နိုင်မည့်အလားအလာကို ဤလေ့လာမှုတွင် ပါဝင်သော အခြားပါဝင်သူများမှထောက်ပြခဲ့သည်။ အချို့သောလူထု သို့မဟုတ် ကျေးရွာအဆင့်အုပ်ချုပ်ရေးမှူးများသည် CSO လုပ်ငန်းများတွင် ဆယ်စုနှစ်နှင့်ချီ၍ ပါဝင်ခဲ့ဖူးသူများဖြစ်ပြီး လူထုပါဝင်သောဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဥ်များနှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိကြသည်။ အချို့အခြေအနေများတွင် ဒေသခံအဖွဲ့အစည်းများသည် နှစ်ဖက်လုံးမှ ထိန်းချုပ်ထားသောနယ်မြေဒေသများတွင် ဒေသခံလူထုခေါင်းဆောင်မှုကို ဆက်လက်ပံ့ပိုးပေးနိုင်သည့် အနေအထားတွင် ရှိသည်။ အထက်တွင်မှတ်ချက်ပေးခဲ့သည့်

အတိုင်း မတူညီသောနယ်မြေဒေသအသီးသီးတွင် CSO လုပ်ငန်းများအတွက် ကွာခြားသောအခွင့်အလမ်းများ ရှိနေသည်။ ဒေသအုပ်ချုပ်စီမံမှု ပုံစံအသစ်များပေါ်ထွက်လာသော PDF ထိန်းချုပ်ဒေသများ၊ အထူးသဖြင့် စစ်ကိုင်း၊ ချင်း၊ ကရင်နီတို့တွင် အခွင့်အလမ်းများရှိနေသည် (KII17) ဟု CSO ခေါင်းဆောင်တစ်ဦးမှ မှတ်ချက်ပေးသည်။ စစ်ကောင်စီထိန်းချုပ်သည့်ဒေသအချို့တွင်လည်း ရပ်ရွာအဆင့် CSO များအနေဖြင့် အများပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး ဒေသလူထုခေါင်းဆောင်များနှင့် ဆက်လက်ထိတွေ့ဆက်ဆံနိုင်သော အနေအထားတွင်ရှိနေသည်။

ဝန်ထမ်းများနှင့်အခြေစိုက်ရုံးကို နိုင်ငံပြင်ပသို့ရွှေ့ပြောင်းခဲ့ရသော်လည်း အဆိုပါအမျိုးသမီးအဖွဲ့အစည်းအနေဖြင့် ကျေးရွာဆုံးဖြတ်ချက်ချသည့်လုပ်ငန်းများတွင် အမျိုးသမီးများပါဝင်နိုင်ရန် ဦးဆောင်ဦးရွက်ပြုနေသော ဒေသခံလူထုလှုံ့ဆော်သူများကို ဆက်လက်ပံ့ပိုးပေးနေပြီး ဥပဒေရေးရာအကူအညီပေးနေသည့်အဖွဲ့အစည်းတစ်ဖွဲ့သည် မြေယာရပိုင်ခွင့်နှင့် ကျား/မအခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး လူထုကိုအမြင်ဖွင့်သင်တန်းများပေးနေသည်။ အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထုအဆင့်တွင် မသန်စွမ်းသူများ ရပ်ရွာရေးရာတွင်ပူးပေါင်းပါဝင်နိုင်စေခြင်း ကဲ့သို့သော အငြင်းပွားဖွယ်ရာနည်းပါးသည့်ကိစ္စရပ်များတွင်လည်း ဆက်လက်၍လုပ်ဆောင်နိုင်နေကြသည်။ CSO ခေါင်းဆောင်တစ်ဦးမှ ၄င်းတို့အနေဖြင့် 'မသန်စွမ်းသူတွေကို သူတို့ပတ်ဝန်းကျင်မှာဝင်ဆံ့ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာအောင် လုပ်ပေးနေတဲ့အဖွဲ့တွေကို ဆက်လက်ပံ့ပိုးနိုင်အောင်' မည်ကဲ့သို့ကြိုးစားနေကြောင်းကို ရှင်းပြသည်(KII11)။ သို့ရာတွင် အဆိုပါလုပ်ငန်းများသည် SAC ထိန်းချုပ်နယ်မြေအချို့တွင် အန္တရာယ်များနှင့်ချိတ်ဆက်နေဆဲဖြစ်သည်။ ကျား/မအခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်၍ လုပ်ဆောင်နေသောအမျိုးသမီးအဖွဲ့အစည်းတစ်ဖွဲ့သည် အကြမ်းဖက်မှုမှ လွတ်မြောက်လာသောဒေသခံများ၏ ဇာတ်လမ်းများကို ယခင်ကအသုံးပြုကာ လူထုအတွင်း အသိအမြင်တိုးတက်စေရန် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ထိုကဲ့သို့သောလူထုအခြေပြုလုပ်ငန်းများလုပ်ဆောင်ရန်မဖြစ်နိုင်တော့ကြောင်း ပြောကြားခဲ့ကြသည်။

ပထမကဏ္ဍတွင်ဖော်ပြခဲ့သည့်အတိုင်း CSO များကြုံတွေ့နေရသော လုပ်ငန်းပတ်ဝန်းကျင်နှင့်လုပ်ငန်းလုပ်ဆောင်ရာ အဟန့်အတားများသည် လွန်စွာစိန်ခေါ်မှုရှိနေသော်လည်း အချို့ဒေသခံအဖွဲ့များမှာ တီထွင်ဆန်းသစ်သည့်နည်းလမ်းများဖြင့် ကြံ့ကြံ့ခံကာ လုပ်ငန်းများဆက်လက်လုပ်ဆောင်နေကြသည်။ သုတေသနနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ NUCC/NUH၊ EAO တို့နှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ခြင်း၊ ကျေးရွာအဆင့်စီမံအုပ်ချုပ်မှုကို ဦးတည်ခြင်း၊ တော်လှန်ရေးလုပ်ငန်းများကိုပံ့ပိုးပေးခြင်း စသည်တို့အားဖြင့် CSO များသည် ဒီမိုကရေစီနှင့် တိုက်တွန်းနှိုးဆော်ခြင်းဆိုင်ရာ လုပ်ငန်းများတွင်ပါဝင်ရန် နယ်ပယ်သစ်များ ရှာဖွေနေကြသည်။ အချိန်ကြာမြင့်စွာကန့်သတ်ချုပ်ချယ်ခံနေရသော CSO များ၏ လက်ရှိ ဒီမိုကရေစီအခန်းကဏ္ဍသည် ၂၀၀၀ ပြည့်နှစ် သန်းရွှေအစိုးရအုပ်ချုပ်စဥ်ကာလ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများနှင့် အလားသဏ္ဍာန်တူနေသည်။ CSO - ရပ်ရွာအဆင့်လူထုပါဝင်မှုနှင့် ဗဟုသုတကို တည်ဆောက်ပြီး - 'အောက်ခြေမှ အစပြုသောဒီမိုကရေစီလုပ်ငန်းစဥ်' ကိုပံ့ပိုးပေးနိုင်ပြီး သုတေသနနှင့်တိုက်တွန်းနှိုးဆော်ခြင်းလုပ်ငန်းများမှတဆင့် စစ်အာဏာရှင် ဆန့်ကျင်ခြင်းလုပ်ငန်းစဥ်ကို အားကောင်းစေသည်။ သို့ရာတွင် အဆိုပါကာလများအကြား အဓိကခြားနားမှုမှာ စစ်အာဏာရှင်အပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေးအရ ထင်ရှားစွာဆန့်ကျင်နေသော လက်ရှိအခြေအနေပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ် သိန်းစိန်အစိုးရက စစ်တပ်ဦးဆောင်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ရပ် လုပ်ဆောင်ခဲ့ပြီး အဆိုပါပြုပြင်ပြောင်းလဲမှုက CSO များနှင့် နိုင်ငံရေးပါတီများ၏ အကြမ်းမဖက်သော နိုင်ငံရေးအရပါဝင်မှုကို တဖြည်းဖြည်းဖြစ်ပေါ်စေခဲ့သည်။ အထင်ကရအဖြစ်ဆုံးမှာ ၂၀၁၂ ရွေးကောက်ပွဲတွင် NLD ပါတီအား ပါဝင်စေခဲ့ခြင်းဖြစ်သည်။ စစ်အာဏာသိမ်းမှု၊ တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့များအား အကြမ်းဖက်ဖြိုးခွင်းမှု စသည်တို့ကြောင့်ဖြစ်ပေါ်လာသော ညှိနှိုင်း၍မရနိုင်လောက်သည့် နိုင်ငံတွင်းကွဲပြားမှုများကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်အခြေခံထားသော - စစ်တပ်ဦးဆောင်သောပြုပြင်ပြောင်းလဲရေးမှာ လက်ရှိအခြေအနေတွင် မဖြစ်နိုင်သကဲ့သို့ ဖြစ်နေပြီဖြစ်သည်။

# အပိုင်း (၄)

## အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များအပေါ် နိုင်ငံတကာ ပံ့ပိုးမှု

စစ်အာဏာသိမ်းခြင်းက CSO များအပေါ် သက်ရောက်မှုများဖြစ်စေရုံသာမ အလှူရှင်များ (အထူးသဖြင့် OECD ဖွံ့ဖြိုးရေး အထောက်အပံ့ကော်မတီရှိ လှူဒါန်းနေကျအလှူရှင်များ) နှင့် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံတကာ အကူအညီပေးနေသူများအား များစွာတုန်လှုပ်စေခဲ့သည်။ ပြီးခဲ့သည့်နှစ်များအတွင်း စဥ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ သော မတည်ငြိမ်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအခက်အခဲများ - ရိုဟင်ဂျာအရေးနှင့် နိုင်ငံ တဝှမ်း ဆက်လက်ဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်များ - ကြုံတွေ့ခဲ့ရလင့်ကစား၊ သိန်းစိန်နှင့် NLD အစိုးရ အုပ်ချုပ်သည့် ပြုပြင်ပြောင်းလဲရေးကာလများတွင် မြန်မာနိုင်ငံသို့ပေးအပ်သော နိုင်ငံတကာအကူအညီများ မှာ အများအားဖြင့်တည်ငြိမ်နေခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံ ရန်လိုအပ်သော စီမံချက်များကိုရပ်ဆိုင်းရန် ပြုပြင်ပြောင်းလဲမှုများ လျင်မြန်စွာလုပ်ဆောင်ခဲ့ရပြီး နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့စီမံချက်များ၊ အထူးသဖြင့် လူသားချင်း စာနာထောက်ထားမှု အရေးကိစ္စ အသစ်များကို တုံ့ပြန်ရန်အတွက် ရည်မှန်းချက်အသစ်များကို ဖော်ထုတ်ခဲ့ရသည်။

ဤလေ့လာသုံးသပ်မှုတွင် နိုင်ငံတကာအဖွဲ့အစည်းများမှလုပ်ကိုင်ခဲ့သော အဆိုပါ 'အလှည့်အပြောင်းများ' နှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များအပေါ် ၎င်းတို့၏ပံ့ပိုး မှုများကို မတူညီသောရှုထောင့်များဖြင့် ဖော်ပြသွားမည်။ အချို့သောပါဝင်သူများက စစ်အာဏာသိမ်းမှု နောက်ပိုင်း လိုက်လျောညီထွေပြောင်းလဲမှုများ၊ ပံ့ပိုးမှုများနှင့်ပတ်သက်၍ အပြုသဘောဆောင်သောမှတ်ချက် များပေးကြသော်လည်း အချို့ကမူ နိုင်ငံတကာအဖွဲ့အစည်းများ၏ချဥ်းကပ်နည်းနှင့် မိတ်ဖက်လုပ်ဆောင် သည့်အလေ့အထများနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ ကြသည်။ ပါဝင်သူများမှ အချို့အခြေအနေ များတွင် CSO များကိုပေးအပ်သော နိုင်ငံတကာထောက်ပံ့မှုများနှင့် ပတ်သက်၍ အာဏာမသိမ်းမီ ကာလ ရှည်ကြာစွာဖြစ်တည်ခဲ့သည့် ပြဿနာများ (ဥပမာ ပင်မရန်ပုံငွေမရှိခြင်းနှင့် မြှင့်တင်မှုကို အခြေခံသော မိတ် ဖက်လုပ်ဆောင်သည့် စံပုံစံများမရှိခြင်း) ပြေလည်မှုများမရှိသေးသည့်အတွက် အားမလိုအားမရ ဖြစ်ကြောင်း ဖော်ပြကြသည်။  နိုင်ငံတကာအထောက်အပံ့ပေးမှုစနစ်အတွင်း မတူညီမှုများနှင့်ပတ်သက်၍ မသိမသာကွဲပြား သောသုံးသပ်ချက်များရှိခဲ့ပြီး အလှူရှင်များနှင့် နိုင်ငံတကာ NGO များ သို့မဟုတ် UN အဖွဲ့အစည်းများ၏ အလေ့အကျင့်များအကြား မတူညီမှုများကိုသတိထားမိလာကြသည်။

အကောင်းဘက်မှကြည့်မည်ဆိုလျှင် အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံတကာအဖွဲ့အစည်းများသည် CSO များအပေါ် ထောက်ပံ့မှုများနှင့်ပတ်သက်ပြီး ပြုလွယ်ပြင်လွယ်ရှိကြောင်းကို ပါဝင်သူအများအပြားမှသုံးသပ် ခဲ့ကြသည်။ လက်တွေ့တွင် CSO အဖွဲ့ဝင်တစ်ဦးက စီမံခန့်ခွဲရေးနှင့်ပတ်သက်သော ဝန်များလျှော့ကျပြီး 'အစီရင်ခံစာ၊ ပွဲတွေ၊ လုပ်ငန်းတွေလုပ်တဲ့နေရာမှာ အဖွဲ့လိုဂိုတပ်တာ၊ တံဆိပ်ကပ်တာ၊ ပစ္စည်းဝယ်တဲ့အခါ မဖြစ်မနေဈေးနှုန်း (၃) ခုယူရတာ စတာတွေနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေလျှော့ပေးတယ်' ဟူ၍ ၎င်း၏ တွေ့ရှိချက်ကိုဖော်ပြခဲ့သည်(KII3)။ ထိုင်းနိုင်ငံအခြေစိုက် CSO ကွန်ရက်ခေါင်းဆောင်တစ်ဦးက 'အလှူရှင် တွေက လိုက်လျောညီထွေရှိကြတယ်၊ မိတ်ဖက်အဖွဲ့တွေရဲ့ လုံခြုံရေးအတွက်လည်း ထောက်ပံ့ပေးတယ်' ဟုဆိုသည်(KII6)။ အလှူရှင်များသည် စစ်အာဏာမသိမ်းမီလျာထားသောလုပ်ငန်းများအတွက် ရန်ပုံငွေကို အာဏာသိမ်းပြီးနောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများအဖြစ်ရွှေ့ရန် လိုက်လျော ညီထွေ ရှိခဲ့သည်ဟု အခြားတစ်ဦးမှလည်း ဆိုသည်(KII22)။ ၎င်းတို့အနေဖြင့် ဒေသခံအဖွဲ့အစည်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် ကြိုးစားခဲ့ကြကြောင်း အလှူရှင်အဖွဲ့ကိုယ်စားပြုသူများက ဆိုခဲ့ကြသည်။ 'ကျွန်တော်တို့ရဲ့ နိုင်ငံတကာ မိတ်ဖက်အဖွဲ့တွေက (CSO တွေကို) လူးသာလွန့်သာရှိအောင်အခြေအနေဖန်တီး ပေးထားတယ်၊ သူတို့တွေကို သက်ဆိုင်ရာလူထုနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ကိုလည်း အချိန်ယူခွင့်ပေးထားတယ်။ ဒီလိုလုပ်ပေးတာဟာ အခုလိုအာဏာ သိမ်းပြီးနောက်ပိုင်းမှာ တကယ့်ကိုအရေးကြီးတယ်' ဟုအလှူရှင် ကိုယ်စားပြုသူတစ်ဦးက ဆိုသည်(KII11)။

အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏အနေအထားအသစ်အတွင်း ခေတ်နှင့်လျော်ညီစွာပြောင်းလဲနိုင် ရန် ဤသို့သော ကြိုးပမ်းမှုများအကြား နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ရေး၊ အသင်းအဖွဲ့

မှတ်ပုံတင်ခြင်းနှင့် ဘဏ္ဍာငွေစီးဆင်းမှု စသည်တို့နှင့်ပတ်သက်သော စိန်ခေါ်မှုများစွာကြုံတွေ့နေရကြောင်း ကို ၎င်းတို့ကိုယ်စားပြုပါဝင်သူများမှ ပြောပြကြသည်။ မြန်မာနိုင်ငံ၏ မတည်ငြိမ်သော၊ ရှုပ်ထွေးသော အခြေအနေတွင် ၎င်းတို့အနေဖြင့် နိုင်ငံ၏ပဋိပက္ခအခြေအနေများအပေါ် လွှမ်းမိုးနိုင်လောက်သည့် အင်အား မရှိသလောက်ဖြစ်သည်ဟု နိုင်ငံတကာအဖွဲ့အစည်းအများအပြားမှ သုံးသပ်ကြသည်။ 'ကျွန်တော်တို့ထင်တာ ကတော့ နိုင်ငံတကာအနေနဲ့ လုပ်နိုင်တဲ့ အနေအထား နည်းနည်းပဲရှိတယ်၊ ဒါဟာ စိတ်ဓါတ်ကျစရာကောင်းနေ တယ် ဟုတ်တယ်မလား' ဟု အလှူရှင် ကိုယ်စားလှယ်တစ်ဦးကဆိုသည်(KII11)။ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း အရပ်ဘက်အဖွဲ့အစည်းများအတွင်း နည်းဗျူဟာမြောက်ချဉ်းကပ်နည်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသောတင်းမာမှုများ၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သော မရေရာမှုများအား လမ်းညွှန် ပြသရန်လိုအပ်နေသည်။ အဆိုပါစိန်ခေါ်မှုများအကြား နိုင်ငံတကာ အေဂျင်စီများအပေါ်ဒေသခံအဖွဲ့အစည်း များမှ ပြုလွယ်ပြင်လွယ်မရှိခြင်းနှင့် ဒေသအခင်းအကျင်း နားလည်မှုမရှိခြင်း၊ စစ်အာဏာသိမ်းပြီးသည့်အချိန် မှစ၍ မိမိတို့အဖွဲ့အစည်း ရပ်တည်နိုင်ရေးကိုသာရေးရှု၍လုပ်ဆောင်လိုသည့် သဘောထားများရှိနေခြင်း၊ နှင့် မိတ်ဖက်လုပ်ဆောင်ခြင်းနှင့် ပတ်သက်သောချဉ်းကပ်နည်းများကို အားလျှော့လုပ်ဆောင်နေခြင်းစသည့် အဓိကအချက် (၃) ချက်အပေါ် စဉ်ဆက်မပြတ်ဝေဖန်နေခဲ့သည်။

## ပြုလွယ်ပြင်လွယ်မရှိခြင်းနှင့် ဒေသအခင်းအကျင်း နားလည်မှု မရှိခြင်း

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်းနှင့် မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများနှင့်ပတ်သတ်သည့် ယခင်လေ့လာ မှုများမှ အကြံပြုချက်များ (CGG 2021) နှင့် လျှော်ညီစွာ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းမှု နောက်ပိုင်းအခြေအနေတွင် ပိုမိုပြုပြင်ပြောင်းလဲရလွယ်ကူသည့် ပုံစံများနှင့်တုံ့ပြန်လုပ်ဆောင် ခဲ့ကြသည်။ သို့ရာတွင် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှာမူ အာဏာသိမ်းမှုနောက်ပိုင်းအခြေအနေကို နားလည်မှုကောင်းစွာမရှိခြင်းနှင့် နှေးကွေးလေးလံပြီး ပြောင်းလဲရခက်နေသောစနစ်များ (rigidity) ကြောင့် ပြင်းပြင်းထန်ထန် ဝေဖန်မှုခံနေကြရသည်။ ထိုကဲ့သို့ ပြောင်းလဲရခက်ခဲနေခြင်းနှင့်ပတ်သက်၍ CSO ကွန်ယက် ခေါင်းဆောင်တစ်ဦးမှ စိတ်ပျက်လျက်ရှင်းပြသည်မှာ

> 'သူတို့အဖွဲ့ (အခြား CSO အဖွဲ့တစ်ဖွဲ့၏အတွေ့အကြုံအရ) နဲ့ ၄-၅-၆ နှစ်လောက်အတူ အလုပ်လုပ်ခဲ့ကြတဲ့ တချို့အလှူရှင်တွေက ၎င်းတို့ရဲ့မူဝါဒတွေနဲ့ပတ်သက်ပြီး အခုအချိန်ထိ တင်းကျပ်နေဆဲပဲ။ တချို့ဆိုရင် အဖွဲ့အစည်းတွေ ဘာ့ကြောင့် အသင်းအဖွဲ့မှတ်ပုံမတင်ကြ တာလဲ ဆိုတာတွေတောင် မေးနေကြတယ်။ အဲဒီအဖွဲ့က ဖြစ်တည်လာခဲ့တာ ၂၈ နှစ်လောက် ရှိနေပြီး အဖွဲ့ရဲ့ ဂုဏ်သိက္ခာ၊ အလှူရှင်တွေနဲ့အပြန်အလှန် တည်ဆောက်ထားတဲ့ ယုံကြည်မှု တွေအားဖြင့် သူတို့နဲ့လုပ်ငန်းတွေလုပ်နေခဲ့တာ။ အာဏာသိမ်းပြီးနောက်ပိုင်း အခင်းအကျင်း အသစ်မှာ သူတို့အလှူရှင်အသစ်တစ်ဖွဲ့နဲ့ ချိတ်မိတယ်။....သူတို့အဖွဲ့ရဲ့လုံခြုံရေးအရ ဝန်ထမ်း တွေကို နေရာပြောင်းရွှေ့ရတာနဲ့ပတ်သက်ပြီး ဘာလို့အဲဒီလိုလုပ်ရတာလဲဆိုတာကို အလှူရှင် က မေးမြန်းခဲ့တယ်' (KII16)။

CSO များအတွက် ဆိုးရွားစွာကန့်သတ်ချုပ်ချယ်မှုများနှင့် ဘေးအန္တရာယ်များရှိရာ လက်ရှိအခြေအနေ တွင် အချို့သော နိုင်ငံတကာအဖွဲ့အစည်းများမှာ CSO များကို စစ်ကောင်စီလက်အောက်တွင် အသင်းအဖွဲ့ မှတ်ပုံတင် ထားရှိခြင်း ရှိ၊ မရှိကို ဆက်လက်မေးမြန်းနေကြသေးသည်။ ထို့ကြောင့် CSO ခေါင်းဆောင်များ က 'အချို့နိုင်ငံတကာဝန်ထမ်းတွေနဲ့ အလှူရှင်တွေက ဒေသအခြေအနေကိုနားလည်မှုမရှိဘဲ၊ ဒေသခံအဖွဲ့ တွေကိုလည်း လေးစားမှုမရှိကြဘူး။ သူတို့က ဒေသနိုင်ငံရေးနဲ့ အခြေအနေတွေကိုမသိနေကြဘူး' (KII22)။ အလားတူစွာကာလရှည်ကြာစွာ နိုင်ငံတကာအရေးသုံးသပ်သူ တစ်ဦးကလည်း 'သူတို့က နိုင်ငံအကြောင်း ကောင်းကောင်းမသိကြဘူး၊ CSO တွေအကြောင်းကောင်းကောင်းမသိကြဘူး၊ လူတွေနဲ့ လုံလောက်တဲ့ ယုံကြည်ချက်လဲမရှိဘူး။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး အလုပ်လုပ်ရင်တော့ ယုံကြည်မှုကိုဘဲအားလုံး အခြေခံရမှာ'

(KII20)။ အာဏာသိမ်းပြီးနောက်ပိုင်းဖြစ်ပေါ်ခဲ့သော ကြီးမားသည့်အပြောင်းအလဲများနောက်ပိုင်းတွင် အချို့ နိုင်ငံတကာအဖွဲ့များအနေဖြင့် မြန်မာ့လက်ရှိအခြေအနေနှင့်လျှော်ညီစွာ ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန်အတွက်လိုအပ်သော ပြုပြင်ပြောင်းလဲရန်လွယ်ကူသည့်ပုံစံများမရှိနေဟု ပါဝင်သူများကရှုမြင်ကြသည်။

## နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိမိတို့အဖွဲ့အစည်း ရပ်တည်နိုင်ရေးကိုသာရှေးရှု၍ လုပ်ဆောင်လိုခြင်းသဘော

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အေဂျင်စီများကိုဦးတည်သော အပြင်းထန်ဆုံးဝေဖန်မှုများအနက် တစ်ခုမှာ မြန်မာနိုင်ငံလူထုနှင့် အရပ်ဖက်အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးကိုထောက်ရှုမှုထက် ၎င်းတို့အဖွဲ့အစည်းများ၏ ကိုယ်ပိုင်အကျိုးစီပွားကို အဓိကဦးတည်ကာကွယ်နေခြင်း ဟူသောထင်မြင်ယူဆချက်ပင်ဖြစ်သည်။ အဆိုပါသုံးသပ်ချက်ကို အချို့သော CSO ခေါင်းဆောင်များနှင့် နိုင်ငံတကာသုံးသပ်သူများက ပြောကြားကြသည်။ CSO ခေါင်းဆောင်တစ်ဦးမှ 'နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ စိတ်ပျက်စရာကိစ္စတစ်ခုက သူတို့ရဲ့ရှင်သန်မှုကို ပိုဦးစားပေးလုပ်နေကြတာဖြစ်တယ်။' နိုင်ငံတကာသုံးသပ်သူတစ်ဦးမှလည်း အလားတူပြောကြားသည်မှာ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များအနေနဲ့ ဒေသခံအဖွဲ့များကို ထောက်ပံ့ဖို့ရာအတွက် နည်းလမ်းသစ်တွေကို ဦးစားပေးရှာဖွေဖော်ထုတ်ရမည့်အစား ၎င်းတို့က '"ငါတို့လက်ရှိတွေ့ကြုံနေရတဲ့ အန္တရာယ်တွေကနေ ကိုယ့်ကိုယ်ကိုဘယ်လိုကာကွယ်ကြရင်ကောင်းမလဲ"ဆိုပြီးအဖွဲ့ အစည်းအတွက်ပဲဦးတည်စဉ်းစားနေကြတယ်' (KII02)။

လေ့လာမှုတွင်ပါဝင်သူအများအပြားမှာ ဤကဲ့သို့အဖွဲ့အစည်း၏ ကိုယ်ပိုင်ရပ်တည်နိုင်ရေးကိုသာ ဦးတည်နေခြင်းကို အကြောင်းအရင်းနှစ်ရပ်ပေါ်မူတည်၍ ပြဿနာအဖြစ် ရှုမြင်ကြသည်။ ပထမဦးစွာ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သူတို့၏ရှင်သန်ရေးကိုသာ ရှေးရှုနေခြင်းအားဖြင့် ဒေသခံအဖွဲ့များ၏အခွင့်အလမ်းများကို မသိကျိုးကျွံပြုနေသည့်ပုံစံ သက်ရောက်သည်။ CSO ခေါင်းဆောင်တစ်ဦးမှ ပြောကြားသည်မှာ 'သူတို့ဦးစားပေးတာက သူတို့ရဲ့ရှင်သန်မှု၊ သူတို့ရုံး ဆက်လက်လည်ပတ်နိုင်မှု၊ သူတို့ကိုယ်တိုင်နဲ့ သူတို့ရဲ့ဝန်ထမ်းတွေကို လစာပေးနိုင်မှု စတာတွေဖြစ်တယ်။ ဒါတွေဆက် ဖြစ်နိုင်ဖို့အတွက်သူတို့တွေ စီမံချက်တွေဆက်ရနေဖို့လိုအပ်တယ်။ အဲဒီစီမံချက်တွေဆက်ရနေဖို့အတွက် သူတို့ကဒေသခံအဖွဲ့တွေနဲ့ ယှဉ်ပြိုင်ဖို့လိုလာတယ်' (KII24)။ အခြား CSO ကွန်ယက်အဖွဲ့ဝင်တစ်ဦးကလည်း အလားတူသုံးသပ်ချက်မျိုးဖြစ်သော ကိုယ့်အဖွဲ့ ရပ်တည်နိုင်ရေးကိုဦးတည်ခြင်းက ဒေသခံအဖွဲ့များ၏အခွင့်အလမ်းများကို အကန့်အသတ် ဖြစ်စေကြောင်းပြောသည်။ 'ကျွန်တော်တို့ကတော့ အလှူရှင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက သူတို့အကြားမှာ ကိုယ်ဘာသာရုံးကန်နေကြမယ့်အစား ...ကိုယ်ဒေသအတွက် မရပ်မနားအမှန်တကယ် လုပ်ဆောင်နေကြတဲ့၊ လုပ်နိုင်စွမ်းရှိတဲ့ ဒေသခံအဖွဲ့အများစုကို ပိုလို့ထောက်ပံ့စေချင်တယ်'(KII8)။ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ (အထူးသဖြင့် နိုင်ငံခြားသားဝန်ထမ်းများ) ကို မြင့်မားသောလစာများနှင့် နေထိုင်စားရိတ်များပေးအပ်ထားခြင်းကလည်း လက်ရှိနိုင်ငံအခြေအနေတွင်ဝေဖန်ခံနေရသော အဓိကအချက်နောက်တစ်ခုဖြစ်သည်။ ဒေသခံအဖွဲ့အစည်းအများအပြားမှာ ဆိုးရွားသောအန္တရာယ်များနှင့်တွေ့ကြုံနေရပြီး ၎င်းတို့၏အဖွဲ့အစည်းရှင်သန်မှုအတွက် စိန်ခေါ်မှုများကြုံတွေ့နေရသောအခြေအနေတွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အဆင်ပြေတည်မြဲရေးအတွက် ပိုမိုစိတ်ပူပန်နေကြသည်မှာ အချို့ CSO ခေါင်းဆောင်များအတွက် စိတ်ပျက်စရာဖြစ်နေသည်။

ဒုတိယအချက်အနေနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှာ သူတို့၏ကိုယ်ပိုင်ရှင်သန်မှုကိုအသားပေးသည့်အတွက် ထိခိုက်မှုများ ဖြစ်စေနိုင်သည်။ တိုင်းရင်းသား CSO ခေါင်းဆောင်တစ်ဦးက 'အဲဒီအဖွဲ့အစည်းတွေက သူတို့ရဲ့ ကိုယ်ပိုင်စီမံချက်တွေကိုပဲ အာရုံစိုက်ကြတယ်။...တချို့အဖွဲ့တွေက သူတို့အဖွဲ့ရဲ့ ရှင်သန်ရပ်တည်နိုင်မှုအတွက် စစ်ကောင်စီအုပ်ချုပ်မှုအောက်မှာ နားလည်မှုစာချွန်လွှာတွေနဲ့ အသင်းအဖွဲ့မှတ်ပုံတင်တွေ သက်တမ်းတိုးတာ

တွေ လုပ်နေကြတာ ကျွန်မသတိထားမိတယ်’ ဟုပြောသည် (KII8)။ လေ့လာမှုတွင်ပါဝင်သူ အခြား CSO အဖွဲ့ဝင်များကလည်း ဤကဲ့သို့ အဖွဲ့မှတ်ပုံတင်များ ဆက်လက်သက်တမ်းတိုးခြင်းက ‘နိုင်ငံတကာအေဂျင်စီများအနေဖြင့် စစ်ကောင်စီအုပ်ချုပ်ရေးကို သွယ်ဝိုက်သောနည်းဖြင့် ဆက်လက်ထောက်ပံ့နေသည့်ပုံစံဖြစ်နေသည်’ (KII4)။ ဤသို့ပြုလုပ်ခြင်းအားဖြင့် စစ်ကောင်စီအနေဖြင့် လွှဲပြောင်းသည့်ငွေများအပေါ်တွင် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှင့် အခွန်အခများရရှိခြင်းတို့မှတဆင့် အကျိုးအမြတ်များရရှိနေသည်ဟုဆိုသည်။ ‘ယင်းကစစ်ကောင်စီ၏ ဆက်လက်ရှင်သန်မှုအတွက် အားဖြည့်ပေးနေခြင်းဖြစ်သည်’ ဟုသူမက ဆက်ပြောသည် (KII4)။ တိုက်တွန်းနှိုးဆော်မှုပြုသော အဖွဲ့တစ်ခု၏ခေါင်းဆောင်တစ်ဦးမှလည်း ထပ်လောင်းပြောကြားသည်မှာ နိုင်ငံတကာအဖွဲ့တွေအနေနဲ့ စစ်ကောင်စီလက်အောက်မှာ ၄င်းတို့ရဲ့လုပ်ငန်းအစီအစဉ်တွေကို ကိုယ်လုပ်နိုင်၊ ရနိုင်သလောက်ပဲ ထိန်းထိန်းသိမ်းသိမ်းလုပ်ကိုင်နိုင်မယ်ဆိုရင်တောင် ရလဒ်ကောင်းတွေရဖို့ အကန့်အသတ်ရှိနေနိုင်တယ်။ ‘စစ်ကောင်စီလက်အောက်မှာ လုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်နိုင်မယ်ဆိုရင်တောင် သူတို့အမှန်တကယ် ကောင်းကောင်းလုပ်နိုင်ပါ့မလား။... ကျွန်တော်ကတော့ [စစ်ကောင်စီနဲ့ နားလည်မှုစာချွန်လွှာထိုးတာ၊ အဖွဲ့ မှတ်ပုံတင်တာတွေ] လုပ်လိုက်လို့ ဘယ်လောက်အကျိုးရှိတဲ့ရလဒ်တွေ သူတို့ဖော်ဆောင်နိုင်မှာလဲ။ ပြီးတော့သူတို့ ဦးတည်လုပ်ဆောင်ပေးနေတဲ့လူထုကိုရော ဘယ်လောက်အကျိုးရှိစေမှာလဲ သိချင်မိတယ်’ (KII8)။

အချို့သောအလှူရှင်ကိုယ်စားလှယ်များကမူ ၄င်းတို့အတွက် လုပ်ငန်းလုပ်ကိုင်ရန်ပေးအပ်ထားသော ခွင့်ပြုချက်အား အချိန်မရွေး ရုတ်သိမ်းခံရနိုင်သောအခြေအနေကို ကျဉ်းတည်းကြပ်တည်း ရင်ဆိုင်နေရကြောင်းနှင့် ဤကဲ့သို့ ဖြစ်ပေါ်လာပါက ဒေသခံအဖွဲ့များမှာလည်း နိုင်ငံတကာရန်ပုံငွေလက်လှမ်းမှီနိုင်မှု အခွင့်အလမ်းများကို လုံးဝ လက်လွှတ်ဆုံးရှုံးရမည် ဖြစ်သောကြောင့် အဆိုးရွားဆုံးသောအခြေအနေကိုကြုံရမည်ဖြစ်ကြောင်း  နိုင်ငံတကာအဖွဲ့အစည်းများအား အကာအကွယ်ပေးသည့်အနေဖြင့် ပြောဆိုခဲ့ကြသည်။ စစ်ကောင်စီလက်အောက်တွင် မှတ်ပုံတင်ထားသော နိုင်ငံတကာအဖွဲ့အစည်းများရှိခြင်းက ဒေသခံအဖွဲ့အစည်းများအတွက် မထင်မရှားဆက်လက်လုပ်ကိုင်ခွင့်ရစေပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ပံ့ပိုးမှုများကိုလည်း ဆက်လက်ရရှိနိုင်မည့် အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးပေးထားသည်။ အလှူရှင်ကိုယ်စားလှယ်တစ်ဦးမှ ‘(ဒေသအဖွဲ့တွေနဲ့) စစ်ကောင်စီကြားမှာ ကြားဝင်စေ့စပ်ပေးမယ့်သူတွေသာ ရှိမယ်ဆိုရင်’ ဒေသခံအဖွဲ့အစည်းများအတွက် ကန့်သတ်ချက်များ လျော့နည်းကောင်းလျော့နည်းသွားနိုင်မည်ဟု ရှင်းပြသည်(KII21)။ အနောက်တိုင်းဖွံ့ဖြိုးရေးအလှူရှင်များက စစ်ကောင်စီနှင့်လုံးဝမပတ်သက်ပါက အခြားနိုင်ငံများမှ လွှမ်းမိုးမှု ပိုများလာနိုင်သောအခြေအနေတစ်ရပ် ဖြစ်လာနိုင်သည်ဟု ၎င်းမှဆက်ပြောသည်။ ‘တစ်ဖက်မှာလည်း ရုရှား၊ တရုတ်နဲ့ အိန္ဒိယတွေက နေပြည်တော်ကို ငွေတွေပုံပေးပြီး ဟန်ရေးပြဖို့ဝန်မလေးကြဘူး၊ CSO တွေအတွက်တော့ အဲ့ကနေ ဘာမှရမှာမဟုတ်ဘူး’ (KII21)။ နိုင်ငံတကာအဖွဲ့အစည်းများ၏အခန်းကဏ္ဍကိုကာကွယ်ရန် ထိုကဲ့သို့သော ကြိုးပမ်းမှုများရှိနေသော်လည်း CSO အများစုမှာ နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးအတွက်သာ အလေးပေးလုပ်ဆောင်နေသည်ဟု ပြင်းပြင်းထန်ထန်ဝေဖန်နေဆဲဖြစ်သည်။

## အရပ်ဘက်အဖွဲ့အစည်းများကို စီမံချက်များလုပ်ကိုင်ရာတွင် တဆင့်စာချုပ်ချုပ်ဆိုပြီး လုပ်ကိုင်စေခြင်းကြောင့် ပိုမိုအားနည်းစေခြင်း

အဓိကကျသော နောက်ထပ်ပြစ်တင်ဝေဖန်မှုတစ်ရပ်မှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသအဖွဲ့များကြားမိတ်ဖက်လုပ်ဆောင်သည့်နည်းလမ်းမှာ အရပ်ဘက်အဖွဲ့အစည်းများ၏လုပ်ပိုင်ခွင့်ကို လျော့နည်းစေသည့်နည်းလမ်းမျိုးဖြစ်နေသည်။ CSO ခေါင်းဆောင်တစ်ဦးမှ -

> ‘လက်ရှိ UN နဲ့ INGO တွေလုပ်နေတဲ့မိတ်ဖက်ပုံစံက ‘မည်ကာမတ်တပ်’ ပဲ၊ သူတို့အတွက်လုပ်ငန်းလုပ်ဆောင်ဖက်ဖြစ်တဲ့ CSO တွေနဲ့ မိတ်ဖက်တွေကို တဆင့်ခံ လက်မှတ်ထိုးသူ

တွေအဖြစ်ပဲ ဆက်ဆံတာ ... တချို့အဖွဲ့အစည်းတွေက ဖြစ်နိုင်ချေရှိတဲ့အလှူရှင်တွေဆီ ကနေ ရန်ပုံငွေပိုရဖို့ 'localization' ဒါမှမဟုတ် 'partnership' ဆိုတဲ့စကားလုံးတွေနဲ့ သကာ လောင်းကြတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီပုံစံက နိုင်ငံတကာအဖွဲ့တွေရဲ့ ကိုလိုနီပြုတဲ့ပုံစံ လို့ပဲ ခံစားရတယ်'(KII17)။

စီမံချက်ဒီဇိုင်း ရေးဆွဲသည့်အချိန်တွင် CSO များနှင့် ပူးပေါင်းလုပ်ဆောင်မှုမရှိခြင်းက မိတ်ဖက်လုပ်ဆောင်ခြင်း နည်းစနစ်ကို အားနည်းစေသော အဓိကအပိုင်းဖြစ်သည်။ နိုင်ငံတကာသုံးသပ်သူတစ်ဦးမှ 'လူတွေက ဒေသခံ တွေကို ဦးဆောင်ဦးရွက် ပြုစေတယ်လို့ (localization) ပြောတော့ပြောကြတယ်၊ ဒါပေမယ့် လက်တွေ့ မှာ ဖြစ်မနေဘူး။ အစီအစဥ်တွေက ကြိုဆွဲပြီးသားဖြစ်နေတယ်၊ ပြီးတော့မှ CSO တွေဆီကိုသွားတယ်' ဟု ပြစ်တင်ပြောဆိုထားသည် (KII22)။ အလားတူ 'စွမ်းဆောင်ရည်မြှင့်တင်ခြင်း' ဟု ဆိုရာတွင်လည်း CSO စီမံကိန်းများ၏ အမှန်တကယ်ထိရောက်မှုထက် နိုင်ငံတကာအဖွဲ့အစည်းများမှ လိုအပ်သည့်စနစ်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးကိုသာ အထောက်အပံ့ဖြစ်စေသည်ဟု အချို့သောသူများက မြင်ကြသည်။ CSO ခေါင်းဆောင်တစ်ဦးက -

'ကျွန်တော်တို့ဝေဖန်နေတာက စွမ်းဆောင်ရည်မြှင့်တင်ပေးတာက သူတို့စီမံကိန်းတွေရဲ့ လိုအပ်ချက်ပြည့်မှီဖို့ သက်သက်ပဲ။ သူတို့က ကျွန်တော်တို့ကို ဘဏ္ဍာရေးစီမံခန့်ခွဲတာတွေ သင်ပေးတယ်၊ အဲ့ဒါမှ အလှူရှင်ကိုအစီရင်ခံစာပေးတဲ့နေရာမှာ သူတို့အခက်အခဲမရှိမှာ... သူ တို့အတိုင်းလိုက်နာဖို့၊ သူတို့ရဲ့ဘေးကင်းလုံခြုံရေးအတွက်၊ သူတို့ဘေးအန္တရာယ် စီမံခန့်ခွဲတာ တွေအတွက်ပဲ။ ကျွန်တော်တို့အတွက်မဟုတ်ဘူး၊ ရေရှည်ရင်းနှီးမြှုပ်နှံမှုလည်း မဟုတ်ဘူး။ ဒါက 'လိုက်နာနိုင်ဖို့အတွက် စွမ်းရည်' သက်သက်ပဲ'(KII24)။

ဤသည်ကို နိုင်ငံတကာအဖွဲ့အစည်းများ၏ စည်းမျဥ်းစည်းကမ်းများကို လိုက်နာရန်ထက် ခေါင်းဆောင်မှုကဲ့သို့ သိမ်မွေ့သည့်ကျွမ်းကျင်မှုအပေါ် ပိုအလေးပေးပြီး ဒေသခံ CSO များ၏ လိုအပ်ချက်ကိုဦးတည်၍ 'အဖွဲ့အစည်း ကြီးထွားမှုကို မြှင့်တင်ပေးနိုင်သောစွမ်းဆောင်ရည်' နှင့် ၎င်းကပင် ချိန်ထိုးပြောကြားခဲ့သည်(KII24) ။

ဤသည်မှာ မြန်မာနိုင်ငံရှိဒေသခံအဖွဲ့အစည်းများနှင့် မိတ်ဖက်လုပ်ဆောင်နေသောနိုင်ငံတကာအဖွဲ့အစည်း များအပေါ် ကြာလရှည်ကြာစွာဝေဖန်ထောက်ပြခဲ့သော အကြောင်းအရာတစ်ခုဖြစ်ပြီး အာဏာသိမ်းပြီး နောက်ပိုင်း ပိုမိုဆိုးရွားလာကြောင်း သတိပြုရန်လိုအပ်ပါသည်။ ယေဘုယျအားဖြင့် နိုင်ငံတကာအဖွဲ့အစည်း များ၏ အခန်းကဏ္ဍကို လေ့လာမှုတွင် ပါဝင်သူများအကြား လွန်စွာအကောင်းမြင်သူများနှင့် ထဲထဲဝင်ဝင် ဝေဖန်ပြစ်တင်သူများဟူ၍ ပုံစံအမျိုးမျိုးကွဲပြားနေသည်။ လာမည့်ကဏ္ဍတွင် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့ အစည်းများကို ပံ့ပိုးပေးရန်ကြိုးပမ်းနေသော နိုင်ငံတကာအဖွဲ့အစည်းများအတွက် အကြံပြုချက်များကိုဖော်ပြ ထားသည်။

# အပိုင်း (၅)
## နိုင်ငံတကာအဖွဲ့အစည်းများအတွက် အကြံပြုချက်များ

## အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာပံ့ပိုးမှုများ ဆက်လက်ရှိနေရန် အရေးကြီးသည်

နိုင်ငံ့သမိုင်း၏အရေးကြီးသော ဤအချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် CSO များကိုတတ်နိုင်သမျှပံ့ပိုးကူညီသင့်ကြောင်း ဤလေ့လာမှုတွင်ပါဝင်သူအားလုံးမှ သုံးသပ်ကြသည်။ လွန်ခဲ့သော နှစ် (၂၀) ကျော်မှစ၍ CSO များ၏ စွမ်းဆောင်ရည်နှင့်လုပ်ငန်းနယ်ပယ်မှာ အတိုင်းအဆမရှိကြီးထွားလာခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများမရှိပါကလည်း ထိုကျွမ်းကျင်မှုများ၊ ဖွဲ့စည်းတည်ဆောက်ပုံများနှင့်ချဉ်းကပ်ပုံများမှာ လုံးလုံးလျားလျား ပျောက်ကွယ်သွားမည်မဟုတ်ပေ - မြန်မာ CSO များအနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ၎င်းတို့၏ကြံ့ကြံ့ခံနိုင်မှုနှင့် မဆုတ်မနစ်လုပ်ဆောင်မှုတို့ကို ရှင်းလင်းစွာဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် များစွာသော မသေချာမရေရာမှုများနှင့် ကန့်သတ်မှုများကို CSO များခက်ခဲစွာကျော်ဖြတ်နေရသည့် လက်ရှိအခြေအနေတွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဦးဆောင်ပံ့ပိုးသည့်အခန်းကဏ္ဍမှပါဝင်သင့်ကြောင်း ပါဝင်သူအများအပြားက ရှုမြင်ကြသည်။ 'လက်ရှိရှိပြီးသား အနေအထားတစ်ခုကိုတော့ ဆက်လက်ရှင်သန်အောင်လုပ်ဆောင်ဖို့ လိုအပ်တယ်။ ဖွဲ့စည်းတည်ဆောက်ပုံတွေ၊ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစသဖြင့် တတ်နိုင်သလောက် ထိန်းသိမ်းထားဖို့လိုအပ်တယ်၊ ဒါမှ သူတို့ရှေ့ဆက် နိုင်မှာ'(KII22)။

## ...ဒီမိုကရေစီတည်ဆောက်သည့် အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်း

လူသားချင်းစာနာထောက်ထားမှု စီမံချက်များနှင့်ပတ်သက်သော နိုင်ငံတကာပံ့ပိုးမှုများမှာ အာဏာသိမ်းပြီးချိန်မှစ၍ များစွာမတည်မငြိမ်ဖြစ်လျက်ရှိသည်။ အာဏာမသိမ်းမီ CSO များ၏ ဒီမိုကရေစီလုပ်ငန်းအများစု - အစိုးရကို တိုက်ရိုက် တိုက်တွန်းနှိုးဆော်ခြင်း သို့မဟုတ် ပိုမိုကျယ်ပြန့်သော စီမံအုပ်ချုပ်မှုလုပ်ငန်းများ - ကို နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ယခုအချိန်တွင် ပံ့ပိုးမှုများဆက်လက်မလုပ်ဆောင်နိုင်တော့ပေ။ သို့ရာတွင် ဒေသခံအဖွဲ့အစည်းများအတွက် သုတေသန၊ တိုက်တွန်းနှိုးဆော်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အခွင့်အလမ်းအသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့၏ပံ့ပိုးမှုကိုတိုးမြှင့်သင့်ကြောင်း ဤအစီရင်ခံစာမှ ထင်လုပ်ပြသနေသည်။ သုတေသနနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၊ NUCC/NUG၊ EAOs များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် ရပ်ရွာအဆင့်စီမံအုပ်ချုပ်မှုလုပ်ငန်းများကိုပံ့ပိုးခြင်း စသောလုပ်ငန်းနယ်ပယ်အသစ်များတွင် ပါဝင်လုပ်ဆောင်ခြင်းနှင့် ဒီမိုကရေစီနှင့်ချိတ်ဆက်သည့်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်းတို့တွင် CSO များသည် ၎င်းတို့၏ကြံ့ကြံ့ခံနိုင်မှုနှင့် တီထွင်ဆန်းသစ်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။

## အရပ်ဘက်အဖွဲ့အစည်းများ၏ 'ဂေဟစနစ်' ကိုပံ့ပိုးပေးခြင်းကလည်း အရေးကြီးသည်

CSO တစ်ဖွဲ့ချင်းစီအား ထောက်ပံ့ပေးခြင်းနှင့်အတူ အာဏာမသိမ်းမီ CSO များအကြား ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်သင်ယူခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့အတွက် လွန်စွာအရေးပါသော လက်ရှိတွင် ပျက်သုဉ်းသွားသည့် CSO 'ဂေဟစနစ်' အတွက်လည်း တုံ့ပြန်လုပ်ဆောင်ရန်လိုအပ်သည်။ ရှုပ်ထွေးလှသော လုပ်ငန်းလုပ်ဆောင်ရာပတ်ဝန်းကျင်အတွင်း CSO များအတွက် ဆက်သွယ်ရေးလမ်းကြောင်းအသစ်တစ်ခု တည်ဆောက်ပေးခြင်းကဲ့သို့ ရိုးရှင်းသည့်တုံ့ပြန်မှုများ လုပ်ဆောင်ရန်မှာလည်း မဖြစ်နိုင်ပေ။ သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ မိတ်ဖက် CSO များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ လုံခြုံသောနည်းလမ်းများဖြင့် ယုံကြည်မှုတည်ဆောက်ပြီး အပြန်အလှန်ဆက်ဆံနိုင်ရေးအတွက် အရင်းအမြစ်များဖြည့်တင်းပေးရန် အခွင့်အလမ်းများရယူသင့်သည်။ ဤသို့သောလုပ်ငန်းများကို လက်ရှိအနေအထားတွင် အရေအတွက်အားဖြင့် အနည်းအကျဉ်းသာ လုပ်နိုင်ကောင်းလုပ်နိုင်မည်။ သို့ရာတွင် အာဏာသိမ်းမှုနောက်ပိုင်း မတည်ငြိမ်

သောကာလ ရှည်ကြာလာသည်နှင့်အမျှ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် 'ဂေဟစနစ်' ကိုပြန်လည် တည်ဆောက်ထိန်းသိမ်းပေးနိုင်မည့် CSO ကွန်ရက်များ အပေါ်ပိုမိုရင်းနှီးမြှုပ်နှံပံ့ပိုးကြရန် လိုအပ်သည်။

## ဘဏ္ဍာငွေထောက်ပံ့မှုနှင့် အစီရင်ခံစာတို့ရှိ တင်းကျပ်မှုများကို ပိုမိုလျှော့ချပေးခြင်း

(အာဏာသိမ်းမှုမတိုင်ခင်ကာလကပင် လုပ်ဆောင်ခဲ့သော) ပြီးခဲ့သည့်လေ့လာမှုများတွင် နိုင်ငံတကာ အဖွဲ့ အစည်းများအနေဖြင့် မြန်မာ့ CSO များအားပံ့ပိုးရာ၌ တင်းကျပ်မှုများပိုမိုလျှော့ချပေးရန် အကြံပြုခဲ့ပြီး ဖြစ်သည် (CGG 2021 တွင်ကြည့်ပါ)။ ဤလေ့လာမှုတွင်ပါဝင်သူများကလည်း ဤအချက်ကို အခိုင်အမာ ထပ်လောင်းအကြံပြုကြသည်။ ယင်းမှာ ငွေလွှဲခြင်းနှင့် အစီရင်ခံစာပေးပို့ခြင်းကဲ့သို့သော အမှန်တကယ် လက်တွေ့ဆန်သည့် လုပ်ငန်းများနှင့်ချိတ်ဆက်နေသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လိုအပ်သော ပစ္စည်းကိရိယာများ (အဓိကအားဖြင့် အင်တာနက်လုံခြုံရေးအတွက်) ဝယ်ယူရန်အတွက် လိုက်လျောညီထွေ သုံးစွဲခွင့်ပြုခြင်း၊ သုံးစွဲမှုအတွက် ငွေလက်ခံပုံစံအမျိုးမျိုးကို လက်ခံပေးခြင်းနှင့် ငွေလွှဲနှုန်းကွာခြားမှုနှင့် ပတ်သက်၍အပိုဆောင်းပေးခြင်း သို့မဟုတ် အခြားသောအရေးပေါ်အခြေအနေများအတွက် ထည့်သွင်း စဉ်းစားပေးခြင်း စသောဖြေလျှော့မှုများကို ထပ်မံလုပ်ဆောင်ပေးနိုင်သည်။ အစီရင်ခံစာပေးပို့ရာတွင်လည်း ဒေသခံအဖွဲ့အစည်းများနှင့်အဆင်ပြေစေရန် လိုက်လျောညီထွေ ဖြေလျှော့ပေးနိုင်သည်။ Signal ခေါ်ဆိုမှုမှ တဆင့်ချိန်းဆို၍ အစီရင်ခံခြင်းအကြောင်းကို ပါဝင်သူတစ်ဦးမှ ဥပမာပေးပြောကြားခဲ့သည်။ ယင်းတွင် CSO ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏အစီအစဉ်နှင့် အဓိကရလဒ်များကို နိုင်ငံတကာအဖွဲ့အစည်းဝန်ထမ်းများထံ ဘေးကင်းလုံခြုံစွာ ပြောပြပြီး အဆိုပါဝန်ထမ်းမှ ၎င်းတို့၏အစီရင်ခံစာလိုအပ်ချက်များအတိုင်း ဆက်လက် ဖြည့်စွက် လုပ်ဆောင်သွားသည်။ ဤကဲ့သို့ လိုက်လျောညီထွေဖြေလျှော့ပေးမှု - နှင့်စီမံခန့်ခွဲရေးဝန်ထုပ်ဝန်ပိုး များကို နိုင်ငံတကာအဖွဲ့အစည်းများမှ မျှဝေထမ်းပိုးပေးခြင်း - သည်စိန်ခေါ်မှုအလွန်များပြားသော လုပ်ငန်း ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေသည့် ဒေသခံအဖွဲ့များ၏ အရှိန်အဟုန်ကို ထိန်းသိမ်းခွင့်ရရှိစေသည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ ဖြေလျှော့ပေးရန်လိုအပ်ကြောင်း အကြံပြုချက်မှာ အကြောင်းအရာအသစ်တစ် ခု မဟုတ်ပါ။ သို့ရာတွင် လုပ်ငန်းလုပ်ဆောင်သည့်လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှုမရှိနေသေးသည့်အတွက် ဤအချက်ကို လုပ်ငန်းများ ထိရောက်စွာလည်ပတ်နိုင်ရန်အတွက် အဓိက အဟန့်အတားတစ်ရပ်အဖြစ် CSO ခေါင်းဆောင်များမှ ဆက်လက်ထောက်ပြနေကြခြင်းဖြစ်သည်။

## အရပ်ဘက်အဖွဲ့အစည်းများ၏ အချုပ်အချာအပေါ်ပို၍အလေးပေးခြင်း

ပါဝင်သူ CSO အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုသည့်နည်းလမ်းများဟုဆို ကြရာတွင် ဒေသခံအဖွဲ့များအနေဖြင့် ကိုယ်ပိုင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းများကို ဖော်ဆောင် ရန်အတွက် ကိုယ်ပိုင် ဆုံးဖြတ်ချက်ချနိုင်မှုပါဝါရှိနေခြင်း - ကဲ့သို့သော CSO များ၏ အချုပ်အခြာကိုမြှင့်တင် ပေးသည့် မိတ်ဖက်ပြုသည့် နည်းလမ်းများကို ဦးတည်ခြင်းဖြစ်ကြသည်။ CSO ခေါင်းဆောင်များအနေဖြင့် မိတ်ဖက်ပြုရာ၌ ပါဝါအင်အားချိန်ခွင်လျှာ မညီမျှနေခြင်းအပြင် လက်တွေ့ကြုံတွေ့နိုင်သော ပြဿနာများ ကို အဓိကအားဖြင့် စိတ်ပူပင်ကြသည်။ 'နိုင်ငံတကာအဖွဲ့များအနေနဲ့ ကိုလိုနီပြုတဲ့ပုံစံနဲ့ ဆက်ဆံနေမယ့် အစား ဒေသခံအဖွဲ့အစည်းတွေလည်း ကိုယ်ပိုင်အချုပ်အခြာရှိသင့်ပြီး ၄င်းကို သူတို့ကိုယ်တိုင် ကာကွယ်သင့် တယ်' ဟု CSO ခေါင်းဆောင်တစ်ဦးမှ ပြောဆိုသည် (KII17)။ အထူးသဖြင့် ယခုကဲ့သို့သော အာဏာသိမ်းမှု နောက်ပိုင်း ဆိုးရွားသောအခြေအနေတွင် နိုင်ငံတကာအဖွဲ့များနှင့် ဒေသခံအဖွဲ့များအကြား မိတ်ဖက်ပြုကြ ရာ၌ ပါဝါကွာခြားချက်မှာ အဓိကထည့်သွင်းစဉ်းစားရမည့် အချက်တစ်ခုဖြစ်သည်။ လက်တွေ့တွင် ထိုအချက် က စီမံကိန်းနှင့်ပက်သက်၍ ဆုံးဖြတ်ချက်များမည်သို့ချနေသည်ဟူသောအရာနှင့် ချိတ်ဆက်နေသည်။ CSO များအနေဖြင့် ပြင်ပမှဖော်ထုတ်ထားပြီးသော ရည်မှန်းချက်များကိုအခြေခံ၍ ရန်ပုံငွေလျှောက်ရန်

အခွင့်အလမ်းများ ရရှိခြင်းအားဖြင့် အခြားသူများလုပ်လိုသည့်လုပ်ငန်းများကို တဆင့်လုပ်ကိုင်ပေးခြင်းထက် အလှူရှင်များ သို့မဟုတ် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ စီမံကိန်းဦးစားပေးကဏ္ဍများနှင့် ရည်မှန်းချက်ပန်းတိုင်များကို အဓိပ္ပာယ်ဖွင့်ဆိုဖော်ထုတ်ရာတွင် ကူညီလုပ်ဆောင်ပေးရာ၌ ပါဝင်ခွင့်ရသင့်သည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့၏မိတ်ဖက်ပြုမှုနည်းလမ်းများ၏ အရည်အသွေးနှင့်ပတ်သက်ပြီး အကြံပြုမှုများပေးနိုင်ရန် အခွင့်အလမ်းများပေးထားသင့်သည်။ ဥပမာအားဖြင့် ဒေသခံအဖွဲ့များအနေဖြင့် အလှူရှင်အဖွဲ့အစည်းများထံမှ အနာဂတ်တွင် ဘဏ္ဍာငွေရရှိနိုင်သည့်အခွင့်အလမ်းများနှင့် ဘဏ္ဍာငွေဆိုင်ရာ ကတိကဝတ်များကိုမထိခိုက်စေဘဲ ၎င်းတို့နှင့်လုပ်ဆောင်နေသော နိုင်ငံတကာအဖွဲ့အစည်းများကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် မိတ်ဖက်ပြုခြင်း၏ အတွေ့အကြုံများကို အမှတ်ပေးနိုင်ရန်ကဲ့သို့သော အခွင့်အလမ်းများရရှိရန်လိုအပ်သည်။

## ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအပေါ် ပို၍အလေးပေးခြင်း

လက်ရှိကာလကဲ့သို့ ဖွံ့ဖြိုးရေးကဏ္ဍအတွင်း ဆိုးရွားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အခြေအနေတွင် CSO များနှင့် မိတ်ဖက်ပြုသည့်အခါတိုင်း၌ ၎င်းတို့ကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းလုပ်ငန်းကို မဖြစ်မနေ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည်။ ပါဝင်ခဲ့သော CSO တစ်ဖွဲ့မှ ‘နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ CSO ပံ့ပိုးမှုအခွင့်အလမ်းတိုင်းမှာ စွမ်းဆောင်ရည်မြှင့်တင်တဲ့လုပ်ငန်းပိုင်း ပါဝင်အောင်ဆောင်ရွက်ရမယ်။ ...အဲဒီလိုစွမ်းဆောင်ရည်လို့ပြောတဲ့နေရာမှာ CSO တွေ မိမိတို့ကိုယ်မိမိ ကိုယ်တိုင်သုံးသပ်နိုင်ပြီး၊ အားသာတဲ့ ကျွမ်းကျင်မှုနယ်ပယ်တွေကိုရှာဖွေကာ မိမိတို့အဖွဲ့တွင်း တန်ဖိုးထားမှုတွေ၊ သဘောထားတွေနဲ့ အပြည့်အဝကိုက်ညီတဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်တွေနဲ့ စီမံချက်တွေ ဖော်ထုတ်နိုင်ဖို့ကို ဦးဆောင်လမ်းပြမှုပေးနိုင်တဲ့ အရာမျိုးကိုဆိုလိုတာဖြစ်တယ်’ (KII3)။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် CSO များ စီမံချက်တစ်ခုမှတစ်ခု အကူးအပြောင်းပေါ်အခြေခံ၍ အဖွဲ့အစည်းဖွံ့ဖြိုးကြီးထွားမှုဖြစ်နေခြင်းထက် သာလွန်၍ ပိုမိုအားကောင်းစေနိုင်မည့်အခွင့်အလမ်းရှိသော ပင်မရန်ပုံငွေ (core funding) မျိုးကိုထောက်ပံ့ရန် ကတိကဝတ်ထားခြင်းအားဖြင့်လည်း CSO များကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတကာသုံးသပ်သူတစ်ဦးမှလည်း ‘သူတို့လုပ်ငန်းလုပ်ကိုင်ဖို့ ငွေကြေးနဲ့ ပင်မရန်ပုံငွေပေး..ပြီးတော့ သူတို့လုပ်နိုင်အောင်ကူညီ’ဟုဆိုသည် (KII22)။

ပါဝင်သူအများအပြားမှ အကြံပြုကြသည့် CSO များကိုမြှင့်တင်ပေးနိုင်မည့် နောက်ထပ်အားကောင်းသော ပံ့ပိုးမှုပုံစံတစ်ခုမှာ ဖွံ့ဖြိုးရေးရန်ပုံငွေ၏ အချိုးအစားအများအပြားကို နိုင်ငံတကာအဖွဲ့အစည်းများမှတဆင့်ထက် ကြီးမားသောဒေသခံ ကြားခံအဖွဲ့အစည်းများမှတဆင့် CSO များထံ ရောက်ရှိစေခြင်းပင်ဖြစ်သည်။ CSO ခေါင်းဆောင်တစ်ဦးကဆိုသည်မှာ (နိုင်ငံတကာအဖွဲ့အစည်းများ ကုလသမဂ္ဂအဖွဲ့အစည်းများထက်) ဒေသအခြေအနေကိုပိုမိုနားလည်ခြင်းနှင့် လုပ်ငန်းလုပ်ဆောင်လည်ပတ်မှုတွင် ပိုမိုထိရောက်သက်သာခြင်းတို့ကြောင့် အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းကြီးများအနေဖြင့် ဒေသခံ CSO ကဏ္ဍကို ပံ့ပိုးမှုလုပ်ပေးရန် ပိုမိုကောင်းမွန်သောအနေအထားတွင်ရှိနေသည် (KII14)။ ‘နိုင်ငံတကာ ကြားခံအဖွဲ့အစည်းတွေက.... အရမ်းဈေးကြီးပြီး စီမံခန့်ခွဲမှုစားရိတ်တွေအရမ်းမြင့်တယ်။ တကယ်လို့ အဲဒီ ကြားခံအဖွဲ့တွေနေရာမှာ အားကောင်းပြီး အများကလေးစားတဲ့ ဒေသခံ NGO ကြီးတွေဆိုရင်... တအားထိရောက်မှာ’ ဟုသူကဆက်၍ဆိုသည်(KII4)။ အဆိုပါအပြောင်းအလဲများကို ပြုလုပ်ရန်အတွက်မှာ - အလှူရှင်ကိုယ်စားပြု ပါဝင်သူအများစုမှ အဓိကပြောကြားခဲ့သော - ရှုပ်ထွေးလှသည့် စီမံခန့်ခွဲမှုအတားအဆီးများကို ကျော်လွှားရန်လိုအပ်သည်ဖြစ်သော်လည်း အပြုသဘောဆောင်သည့် ဖြစ်နိုင်ခြေရှိသော နိုင်ငံတွင်းလုပ်ငန်းစဥ်အချို့မှာ လွန်ခဲ့သောကာလများတွင် ဆောင်ရွက်ခဲ့ကြ ပြီးဖြစ်သည်။ ဥပမာအားဖြင့် LIFT ၏ ခေါင်းဆောင်မှုပံ့ပိုးမှုများ သို့မဟုတ် ၂၀၁၀ ခုနှစ်များက ပေါ်ပေါက်လာခဲ့သော ပေါင်းကူးအဖွဲ့၏ လုပ်ဆောင်ချက်များအားဖြင့် အပြောင်းအလဲများဖော်ဆောင်ရန်မှာ ဖြစ်နိုင်ကြောင်းတွေ့ရသည်။

## နိုင်ငံတကာအဖွဲ့အစည်းများအကြား 'ချန်ပီယံများ' ဖော်ထုတ်ပြီး ပံ့ပိုးပေးခြင်း

နောက်ဆုံးအနေဖြင့် အခြားသုတေသနများမှအကြံပြုချက်အများစုမှာ အဖွဲ့အစည်းအဆင့် လုပ်ဆောင်မှုပုံစံများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုလုပ်ရန်လိုအပ်သောအပြောင်းအလဲများကို ဦးတည်နေကြရာ ဤလေ့လာမှုတွင်မူ လူတစ်ဦးတစ်ယောက်ချင်းစီ၏အရေးပါသောအခန်းကဏ္ဍကိုပါ ဦးတည်ဖော်ပြမည်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖြစ်နိုင်ချေရှိသော စနစ်ပိုင်းဆိုင်ရာ အပြောင်းအလဲများနှင့်အတူ CSO များကို ပိုမိုထိရောက်သော ပံ့ပိုးမှုများ ပေးနိုင်ရန်အတွက်မှာ CSO ခေါင်းဆောင်တစ်ဦးပြောကြားသကဲ့သို့ 'အဖွဲ့အစည်းတွင်းချန်ပီယံများ' (ဦးဆောင်၍ အပြောင်းအလဲကိုဖော်ဆောင်နိုင်သူ ဖော်ဆောင်ရန်ဆန္ဒပြင်းပြသူများ) ရှိရန်အလွန်လိုအပ်သည်။ နိုင်ငံတကာအဖွဲ့အစည်း ကြီးများအတွင်းရှိ ဗျူရိုကရေစီစနစ်များနှင့် အဖွဲ့၏အရှိန်အဟုန်လေးလံမှုမှာ CSO များအတွက်လိုအပ်သော လိုက်လျောညီထွေဖြစ်သည့် အခြေအနေနှင့် ကိုက်ညီသော ပံ့ပိုးမှုများပေးနိုင်ရန်အတွက် ကြီးစွာသောအခက်အခဲများဖြစ်စေသည်။ CSO ခေါင်းဆောင်တစ်ဦးက အလှူရှင်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ UN အဖွဲ့အစည်းများတွင် 'လုပ်ငန်းအခြေအနေကို ပိုမိုကျယ်ပြန့်အောင်လုပ်ဆောင်ဖို့အတွက် အဖွဲ့စည်းအတွင်းမှာ ထင်ထင်ပေါ်ပေါ် စိန်ခေါ်ရဲသည့် သတ္တိရှိသူချန်ပီယံများ' (KII24) ဖြစ်နိုင်ကြသည့် အဖွဲ့အတွင်းအလုပ်နေကြသူတစ်ဦးချင်းစီ၏ အရေးပါပုံကို ထောက်ပြ သည်။ ထိုသို့ အပြောင်းအလဲဖော်ဆောင်ရန်ဦးဆောင်သူများမရှိပါက ပိုနေမြဲကျားနေမြဲ အခြေအနေသာဆက်ရှိနေမည်ဟု သူကဆက်ပြောသည် (KII24)။

အာဏာသိမ်းခံရပြီးနောက်ပိုင်း မြန်မာနိုင်ငံမှ CSO များ၏ရဲရင့်မှုနှင့် သန္နိဋ္ဌာန် ခိုင်မာမှုတို့မှာ လွန်စွာထူးခြားသည်။ ဤအစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်အဖြစ် မြန်မာနိုင်ငံကို ပြန်လည်တည်ဆောက်ရန်အတွက် ဆန္ဒပြင်းပြသော ပြောင်းလဲမှုအစီအစဉ်များအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ဤအတွက်ကြောင့် CSO ခေါင်းဆောင်များအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများရှိ ဝန်ထမ်းတစ်ဦးချင်းစီကို ၎င်းတို့အဖွဲ့အစည်း၏ မိတ်ဖက်ပြုခြင်းနည်းလမ်းများကို ရဲရင့်မှုရှိရှိနှင့် သန္နိဋ္ဌာန်ရှိရှိ ဦးဆောင်ပြောင်းလဲလုပ်ဆောင်ကြရန် မျှော်လင့်ကြသည်မှာ ထူးဆန်းသောကိစ္စရပ်တစ်ခု မဟုတ်ပါ။ အနောက်နိုင်ငံမှ ဖွံ့ဖြိုးရေးအဖွဲ့များ၏ ဗျူရိုကရေစီစနစ်များကို ပိုမိုထိရောက်အောင် အပြောင်းအလဲလုပ်စေလိုသော ၎င်းတို့၏ဆန္ဒမှာ မြန်မာနိုင်ငံမှ CSO ခေါင်းဆောင်များ၏ နိုင်ငံတည်ဆောက်ရေးအတွက် ကြိုးပမ်းမှုများနှင့်ယှဥ်လျှင် သေးငယ်နေသေးသည်ဟုပင် ဆိုနိုင်သည်။

အချို့ပါဝင်သူများက နိုင်ငံတကာအဖွဲ့အစည်းများသည်လည်း ပြောင်းလဲမှုအတွက် 'ချန်ပီယံများ' အနေဖြင့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်သင့်ကြောင်းဆိုကြသည်။ ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းရုံးချုပ်များမှကိုဦးတည်၍ အထောက်အပံ့ပေးမှုပုံစံ ပိုမိုကောင်းမွန်လာရန်နှင့် ၎င်းတို့ကို မြန်မာနိုင်ငံနှင့် ပိုမိုဆီလျော်သောပုံစံဖြစ်ပေါ်လာစေရန် တိုက်တွန်းနိုးဆော်မှုများ လုပ်ဆောင်နိုင်ကြသည်။ ဒေသခံ CSO ခေါင်းဆောင်တစ်ဦးမှ 'နိုင်ငံတကာ အရပ်ဖက်အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း အလှူရှင်နိုင်ငံတွေက အရေးပါတဲ့မူဝါဒချမှတ်သူတွေကို ဦးတည်ပြီး သူတို့ပေးလိုက်တဲ့ငွေကြေးတွေက တကယ်လိုအပ်နေပြီး သင့်တော်တဲ့ဦးတည်လူထုနဲ့ လိုအပ်တဲ့နေရာကို ဆီလျော်တဲ့စီမံချက်တွေကနေတဆင့် ရောက်ရှိဖို့နဲ့.... CSO စီမံချက်တွေကို ပိုပြီးအဆင်ပြေအောင်ဖြေလျော့ပေးနိုင်ဖို့ တိုက်တွန်းနိုးဆော်မှုတွေလုပ်သင့်တယ်' ဟုဆိုသည် (KII4)။ ဤအနေအထားတွင် အလှူရှင်များအနေနှင့်လည်း ပင်မရန်ပုံငွေထောက်ပံ့ပေးခြင်း၊ အစီရင်ခံစာလုပ်ငန်းစဉ်တွင် ဖြေလျှော့ပေးခြင်း၊ အကယ်၍ ရန်ပုံငွေကို UN အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့်ပေးအပ်ပါက CSO များကိုပေးသော ရန်ပုံငွေတွင် အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် ပတ်သက်သောအပိုင်းကို မဖြစ်မနေထည့်သွင်းပါဝင်စေခြင်း စသည်တို့အားဖြင့် ပြောင်းလဲမှုအတွက် ပံ့ပိုးသူများအနေနှင့် ပါဝင်နိုင်သည်။

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများမှာ အလွန်အမင်းအားပြိုင်ရန်လိုနေကြသော နိုင်ငံရေးအခြေအနေတွင် လုပ်ငန်းများလုပ်ကိုင်နေကြခြင်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် ၎င်းတို့၏ခေါင်းဆောင်များမှာလည်း နိုင်ငံ

အတွက် လွန်စွာကျယ်ပြန့်ကြီးမားသော မျှော်မှန်းချက်များကို ချမှတ်လုပ်ဆောင်နေကြသည်။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံရှိ ဒေသခံအဖွဲ့များကို ပိုမိုအားကောင်းစေမည့် နိုင်ငံတကာပံ့ပိုးမှုပုံစံသို့ ပြောင်းလဲခြင်းမှာ လွန်စွာတန်ဖိုးရှိသော လုပ်ငန်းအစီအစဉ်ဖြစ်လာလိမ့်မည်။ သို့ရာတွင် အဆိုပါပြောင်းလဲမှု ဖြစ်ပေါ်ရန်မှာ ပိုနေမြဲကျားနေမြဲ အခြေအနေကို ပြောင်းလဲနိုင်၊ ပြောင်းလဲလိုသည့် လူပုဂ္ဂိုလ်တစ်စုရှိနေရန် လိုအပ်သည်။

# ကိုးကားချက်များ


- Asian Development Bank, 2015. 'Myanmar Civil Society Brief'. February 2015. Available at https://www.adb.org/sites/default/files/publication/154554/csb-myanmar.pdf
- Aung Tun, 2022 Myanmar's Post-coup Aid Crisis: Whither Civilian Protection? Fulcrum 21 January https://fulcrum.sg/myanmars-post-coup-aid-crisis-whither-civilian-protection/
- Centre for Good Governance 2021 'Principles of Engagement for International Partners in Myanmar' June 2021.
- Christian Aid, 2018. 'Civil Society Strengthening in Myanmar: Good practice and lessons learned'. Report March 2018. Available at: https://www.christianaid.org.uk/sites/default/files/2018-05/Civil-Society-Strengthening-in-%20Myanmar-J49480-May-2018.pdf
- EmRef 2019. 'The Role of CSOs in the Myanmar Peace Process'. January 2019. https://emref.org/sites/emref.org/files/publication-docs/2nd-edit-the_role_of_csos_in_the_myanmar_peace_process-english_0.pdf
- Frontier Myanmar 2021 'CSOs after the Coup: Operations Squeezed, Funding Crunched' https://www.frontiermyanmar.net/en/csos-after-the-coup-operations-squeezed-funding-crunched/
- Kramer, Tom. Civil society gaining ground: Opportunities for change and development in Burma. Amsterdam: Transnational Institute, 2011
- Liu, 2021 'CSOs after the coup: Operations squeezed, funding crunched' Frontier 28 September https://www.frontiermyanmar.net/en/csos-after-the-coup-operations-squeezed-funding-crunched/
- Mekong Migration Network 2021. 'Protect the human rights of migrants and refugees from Myanmar, says CSOs' December 2021. Available at https://prachatai.com/english/node/9608
- Mon Mon Myat, 2021 'Myanmar's emerging landscape looks beyond Suu Kyi Irrawaddy 21 June https://www.irrawaddy.com/opinion/guest-column/myanmars-emerging-landscape-looks-beyond-suu-kyi.html
- Independent Research Network, 2022, 'Myanmar's Shifting Pro-Democracy Movement Reviewing its Adaptations and Resilience Amid Mounting Pressure'. Report June 2022
- Pandita, 2021 'Myanmar civic space: shrinking or closing' August 2021 https://pandita.gitbook.io/myanmar-civic-space-shrinking-or-closing/
- Protect, 2021 'Rebuilding an architecture of oppression' https://www.article19.org/wp-content/uploads/2021/12/Rebuilding-an-Architecture-of-Oppression.pdf
- SAC-M 2022 'Effective control in Myanmar' Briefing Paper September 2022
- South, Ashley. Civil society in Burma: The development of democracy amidst conflict. No. 51. Institute of Southeast Asian Studies, 2008
- Steinberg, David I. A void in Myanmar: civil society in Burma. BCN, 1997
- Wells and Aung Naing, 2022 'Relief as resistance: (re)emergent humanitarianism in post-coup Myanmar' Book Chapter Forthcoming